# မြဝတီ နေ့စဉ်

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၄၇)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်

## “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”ဆိုသည့်ဆောင်ပုဒ်အား အထူးအလေးအနက်ထားဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကိုအထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများကျင်းပပြုလုပ်လျက်ရှိသည်။


စာမျက်နှာ ၁၆ ကော်လံ ၁☆




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။


**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်** စာ - ၃ သို့

**ဆောင်းပါး** **နှလုံးသွေးများမရပ်သရွေ့ မမှိတ်မသုန်ချီတက်နေမည်** စာ - ၁၁ သို့

**တပ်မတော်၏ဂုဏ် နိုင်ငံ၏ဂုဏ်မြှင့်တင်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ** စာ - ၇ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်)

## သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်လို့ပေး

စိမ်းလန်းစိုပြည်သာယာသည့် ရေမြေတောတောင်သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ကောင်းများကို အနာဂတ်မျိုးဆက်သစ်များအတွက် လက်ဆင့်ကမ်းပေးကြရမည်မှာ လက်ရှိလူသားတို့၏တာဝန်ဖြစ်သည်။ လူငယ်မျိုးဆက်သစ်တို့အနေဖြင့် စိမ်းစိုသာယာလှပသည့် မိမိတို့နိုင်ငံကို ချစ်ခင်စိတ်၊ မျိုးချစ်စိတ်များရှင်သန်နေစေရန်၊ သစ်တောများမှပံ့ပိုးသောဂေဟစနစ်ဝန်ဆောင်မှုများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်ရန်အတွက် လက်ရှိလူသားများက သစ်ပင်များကိုအရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်စိုက်ပျိုးပေးနေခြင်းဖြစ်သည်။

"သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး"ဟုဆိုထားပေရာ သစ်ပင်သစ်တောများကို မြန်မာတို့ချစ်ခင်နှစ်သက်သည်။ သစ်ပင်များကိုစိုက်ပျိုးခြင်းဖြင့် တန်ဖိုးကြီးမားသောရွှေငွေရတနာများကိုပိုင်ဆိုင်ရသကဲ့သို့ချမ်းသာကြွယ်ဝနိုင်သည်။ သစ်ပင်များရှင်သန်ပါက လူသားတို့အတွက်အကျိုးရှိသကဲ့သို့ ကျေးငှက်တိရစ္ဆာန်များအတွက်လည်း နားခိုရာအိမ်ဂေဟာများဖြစ်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ ရှင်သန်အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့မှာ နိုင်ငံတော်၏ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝရင်းနှီးမြှုပ်နှံမှုကြီးဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်အတွက်အဓိကအားထားရာကျစ်လျစ်ခိုင်မာသောအဖွဲ့အစည်းဖြစ်သည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ်သို့ရောက်ရှိစေရေးအတွက် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ နိုင်ငံတော်အတွက်ပေါ်ပေါက်လာသောအဖွဲ့အစည်းဖြစ်သကဲ့သို့ နိုင်ငံသားတို့၏အကျိုးကို အစဉ်အမြဲသယ်ပိုးနေသောအဖွဲ့အစည်းဖြစ်သည်။ တပ်မတော်သားတိုင်းသည် ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားကာ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့်ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို စဉ်ဆက်မပြတ်ထမ်းဆောင်လျက်ရှိရာ တပ်မတော်တစ်ရပ်လုံးအနေဖြင့် သစ်ပင်စိုက်ပျိုးခြင်းမှာလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်ကိုထမ်းဆောင်နေခြင်းဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။ ၂၀၂၅ ခုနှစ်မိုးရာသီအတွင်း သစ်ပင်စိုက်ပျိုးခြင်းအခမ်းအနားများကို ကျင်းပလျက်ရှိရာ ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးခြင်းကို ဇူလိုင်လ ၆ ရက်တွင်ပြုလုပ်ခဲ့ပြီး ယခုအခါ တတိယအကြိမ်သစ်ပင်စိုက်ပျိုးခြင်းကို စက်တင်ဘာလ ၁၁ ရက်တွင်ကျင်းပခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အထက်ပါသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း ၉၀၀ ပင်၊ ပျဉ်းကတိုး ၆၀၀ ပင်၊ ပိတောက် ၃၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ်ကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ တပ်မတော်အနေဖြင့် တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ကြသည်။

လူတိုင်းသည် နေ့စဉ်နေ့တိုင်းမိမိကိုယ်ကိုအလှအပများဆင်မြန်းနေကြသကဲ့သို့ မိမိနေထိုင်ရာပတ်ဝန်းကျင်ကိုလည်း အလှဆင်ပေးကြရမည်ဖြစ်သည်။ သာယာကြည်နူးဖွယ်ကောင်းသောသဘာဝပတ်ဝန်းကျင်ကို လူတိုင်းမြင်တွေ့လိုကြသည်။ ထို့အတူ မိမိတို့သွားလာရာလမ်းတစ်လျှောက်တွင် စိမ်းစိုအုံ့ဆိုင်းနေသောသစ်ပင်များကိုမြင်တွေ့ရလျှင် စိတ်အေးချမ်းမှုကိုဖြစ်စေသည်မှာ လူတိုင်းခံစားရသည့်အချက်ဖြစ်သည်။ အစိမ်းရောင်ကို မြင်တွေ့ရသူတိုင်းအေးမြရွှင်လန်းစေသည်။ လူသားတို့၏ကောင်းသောဆောင်ရွက်ချက်များကြောင့် မီးရထားလမ်းတစ်လျှောက်၊ ကားလမ်းတစ်လျှောက် ဘေးဘယ်ညာတွင် သစ်ပင်များကိုမြင်တွေ့နေရသည်မှာ ရှေးကမျိုးဆက်များထားရှိခဲ့သည့်အမွေဟုဆိုနိုင်သည်။ ထို့အတူ မိမိတို့လက်ထက်တွင်လည်း နောင်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သောသစ်ပင်သစ်တောများကျန်ရစ်နေအောင်စွမ်းဆောင်ကြရမည်ဖြစ်သည်။ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံသားအားလုံးအထူးဂရုပြုလိုက်ပါလုပ်ဆောင်ရမည်ဖြစ်ပေရာ တပ်မတော်သည် နှစ်စဉ်နှစ်တိုင်းမိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲကျင်းပ

**သရက်ချောင်း စက်တင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၁၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာအခမ်းအနားကို သရက်ချောင်းအခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ သင်္ချာဉာဏ်စမ်းပြိုင်ပွဲ၊ စာလုံးပေါင်းသတ်ပုံပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုငွေနှင့် ကျောင်းသုံးဗလာစာအုပ်များကို ဆုပေးသည်။

ဆက်လက်၍ ဆုရရှိသောကျောင်းသား၊ ကျောင်းသူများက ပြိုင်ပွဲဝင်ခေါင်းစဉ်များအား ပြန်လည်၍ သရုပ်ပြခြင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ပန်းတော)မှ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့်လည်းကောင်း၊ တီထွက်ပြင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသူများက အနာဂတ်လူရည်ချွန်သီချင်းဖြင့်လည်းကောင်း တေးသရုပ်ဖော်ကပြဖျော်ဖြေကြကြောင်း သိရသည်။

(၄၁၂)

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်အမှတ်၊ ၇ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)
**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့်အခွင့်အာဏာကိုကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ်၊ ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ်၊ ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ဦးတည်ချက်များကို အစဉ်တစိုက်မမှိတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန်ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

ပုံ

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/ ၂၀၂၅-၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၃/၂၀၂၅-၂၀၂၆) ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ဝန်ကြီးဌာန/အဖွဲ့အစည်းများက တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း အမှာစာငါးစောင်အား အတည်ပြုဆွေးနွေးရန်နှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်ရေးအတွက် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အစိုးရဌာနဆိုင်ရာ စက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း ကြိုတင်တွက်ဆပြီး ဖြစ်ပွားလာပါက စက်ပစ္စည်းများထိခိုက်ပျက်စီးပြီး လုပ်ငန်းများထိခိုက်ရပ်တန့်မှုမရှိစေရေး ကာကွယ်ဆောင်ရွက်မည့်အစီအမံများကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးအာမခံစနစ် ထူထောင်ထားရှိရေးသည် အဓိကအရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းပိုင်းတွင် သာမက စက်နှင့်စက်ပစ္စည်းများ၏ အရည်အသွေးပြည့်မီစေရေးအတွက် ကော်မတီဝင်များအနေဖြင့် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများကတင်ပြသည့် အမှုတွဲငါးစောင်ကို သက်ဆိုင်ရာကော်မတီဝင်နှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြခြင်း၊ စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ (မူကြမ်း)ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ရှင်းလင်းဆွေးနွေးခြင်း၊ စက်ကိရိယာပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများ(မူကြမ်း)အား ကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာရေးဝန်ထမ်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာရေးဝန်ထမ်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချော စိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင့်မြင့်ပညာကို လေ့လာသင်ယူရာတွင် ဘွဲ့ရရှိရုံတင်သာမက အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မှန်ကန်သည့်အတွေးအခေါ်၊ ကျယ်ပြန့်သည့်အတွေးအမြင်နှင့် ပြည့်စုံကောင်းမွန်သည့် လူနေမှုဘဝကို ဖန်တီးနိုင်ရေး၊ နိုင်ငံ၏လူမှုအသိုက်အဝန်း တိုးတက်မြင့်မားအောင်စွမ်းဆောင်နိုင်ရေး ဆက်လက်ကြိုးစားကြရန်နှင့် အဆင့်မြင့်ပညာရပ်များကိုသင်ကြားရာတွင် မိမိတို့ဝါသနာပါသည့်ပညာရပ်များကို မှန်ကန်စွာ ရွေးချယ်ကြရန်၊ လူငယ်များအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာနှင့်ထိတွေ့နေရသည့်အတွက် မိမိတို့၏ယဉ်ကျေးမှုအစဉ်အလာများ မပပျောက်စေရန် ဉာဏ်ပညာနှင့်ဆန်းစစ်သုံးသပ်ပြီး ထိန်းကျောင်းရန်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်ကြရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင်ထိန်းသိမ်းပြီး မိမိတို့လေ့လာသင်ယူထားသည့်ပညာဖြင့် နိုင်ငံနှင့်လူမျိုးကိုအကျိုးပြုပြီး မျိုးဆက်သစ်လူငယ်များအတွက် စံပြဖြစ်အောင်လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးနှင့် ငါးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ဇာတိမာန်”တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပညာရေးဝန်ထမ်းသားသမီး ၃၅၈၀ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၀၊ လေးဘာသာဂုဏ်ထူးရှင် ၁၁၀၊ သုံးဘာသာဂုဏ်ထူးရှင် ၂၇၇ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၈၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၃၄ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၄၂၂ ဦးရှိပြီး ပညာရေးဝန်ထမ်းမိသားစုများ၏ ကြိုးစားအားထုတ်မှုနှင့် တာဝန်ကျေပွန်မှုများကို ဂုဏ်ပြုသောအားဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ပညာရေးမိသားစုများသာမက သက်ပြည့်အငြိမ်းစားနှင့် ကွယ်လွန်သူများ၏ သားသမီးများကိုပါ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းငါးသောင်းနှုန်း၊ ရိုးရိုးအောင်မြင်သူတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚C | / | ၃၄˚C |
| ရန်ကုန် | ၂၄˚C | / | ၂၈˚C |
| မန္တလေး | ၂၆˚C | / | ၃၃˚C |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

**၁၁-၉-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်သည် ခေတ်၏သဘောကိုရိပ်မိသည့်အပြင် မန္တလေးသားတစ်ယောက်ပီပီ အောက်ပြည်သားစာရေးဆရာများထက် ပြောစကားလုံးကြွယ်သည်ဟု (ကိုယ့်ဘာသာကိုယ်) အထင်ရောက်လျက်ရှိသည့်အတိုင်း စာရေးရာတွင် တိုတိုနှင့်ထိသည် ထင်သောပြောစကားလုံးများကို တခြားစာရေးဆရာများထက် အများဆုံးညှပ်၍ ရေးတတ်သူတစ်ယောက်ဖြစ်၏။ တချို့စာရေးဆရာများနှင့် စာဖတ်ပရိသတ်သည် ကျွန်ုပ်၏ထူးခြားချက်ကို ရိပ်မိကြလေသလော၊ ရိပ်မိလျှင်လည်း ကောင်းသောရေးနည်းတစ်ခုဖြစ်သည်ဟု အသိအမှတ်ပြုကြပါလေ၏လော မပြောတတ်။ အမျိုးသမီးစာရေးဆရာ ဒေါ်အမာနှင့်သတင်းစာဆရာတစ်ယောက်ကမူ ဤအကြောင်းကို ကျွန်ုပ်အား ဖွင့်ဟချီးကျူးပြောဆိုခြင်းကို ကြားရသဖြင့် ကျွန်ုပ်ကျေနပ်အားရမိပါသည်။ အထူးသဖြင့် ဒေါ်အမာသည် ကျွန်ုပ်၏ဝါကျတည်ဆောက်ပုံနှင့် စကားအသုံးအနှုန်းများသည် သူ့နားထဲသို့စိမ့်ဝင်လျက်ရှိကြောင်း ဝမ်းမြောက်စွာ ဝန်ခံဖူးသည်။

အတော်စာပေဝါရင့်သောသူတချို့က မအမာ၏အရေးအသားသည် ကျွန်ုပ်၏အရေးအသားနှင့် တစ်ခါတစ်ရံ မှားမိကြပါသည်ဟု အံ့သြစွာနှင့်ဝန်ခံပြောပြဖူးကြ၏။ သို့ရာတွင် ပြောစကားလုံးညှပ်၍ သုံးခြင်း၌မူ အလေ့အကျင့်ရှိသေးပုံမရ၊ တစ်ခါတစ်ရံမှတွေ့ရတတ်သည်။ ဤသည်မှာမူ ရုတ်တရက် ချက်ချင်းအတုခိုး၍ရလောက်အောင် မလွယ်ကူသောကြောင့် ဖြစ်တန်ရာသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ပြောစကားလုံးသုံးသည်ဆိုလျှင်လည်း သုံးချင်အားကြီးနှင့်သုံး၍မကောင်း။ ရေးစကားလုံးထက် အဓိပ္ပာယ်လေးနက်သောပြောစကားလုံးမျိုးကို ရနိုင်မှသာ သုံးနှုန်းထိုက်ပေသည်။ မအမာအပြင် အထက်ပါ လူငယ်စာရေးဆရာမှာမူ အောက်ပြည်သားတစ်ယောက်ဖြစ်၍ ပြောစကားလုံးများကို မရှာတတ်ရှာသည်နှင့် သာမန်ပြောစကားလုံးများကို ကျွန်ုပ်နည်းတူ ကော်မာတပ်၍ သုံးသော်လည်း သူမျှော်လင့်သလိုဖြစ်မလာခြင်းကို တွေ့ရသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ၁၉၁၇-၁၉၂၀ အချိန်က သူရိယမဂ္ဂဇင်းခေါင်းကြီးများတွင် ဤနည်းကို မစမ်းဝံ့သေး။ ၁၉၃၆- ၁၉၄၁ အချိန်သို့ရောက်ခါမှ သူရိယနေ့စဉ်ခေါင်းကြီးများတွင် ဤနည်းကို ခပ်ရဲရဲသုံးဝံ့ပါသည်။ ထို့နောက် လူထုသတင်းစာခေါင်းကြီးများနှင့် ဤမှတ်တမ်းကိုရေးသော အချိန်သို့တိုင်ရောက်သောအခါ၌မူ ဝါရင့်သောစာရေးဆရာတစ်ယောက် သို့မဟုတ် တိုင်းပြည်က လက်ခံသော စာရေးဆရာတစ်ယောက်ဖြစ်လာသည်ဟူသော ယုံကြည်ချက်ဖြင့် (မှားချင်လည်းမှားမည်။) ဤနည်းကို အကွက်ပေါ်တိုင်း တွင်တွင်ကြီးအသုံးပြုလျက်ရှိပါသည်။ တချို့လူများက 'အခံ့' ပျက်သည်ပြောကြခြင်းကို ကျွန်ုပ်ခံနိုင်ရည်ရှိလာခဲ့ပါပြီ။

## ကျွန်ုပ်၏ ဆရာနှစ်ယောက်

ပြောစကားလုံးများ ကြွယ်ဝခြင်းမှာ (မန္တလေးသား တစ်ယောက်ဖြစ်သည့်အပြင် စကားလုံးပီပီပြောတတ်သည့် နန်းတွင်းသူ မိခင်နှင့် လွှတ်တော်စာရေးဖြစ်ခဲ့သူဖခင်၏သား ဖြစ်သည့်အတွက်ကြောင့်) အချောင်ရခဲ့ခြင်းဖြစ်သော်လည်း စာရေးသည့်အခါ၌ 'ဝါကျ' တည်ဆောက်တတ်ဖို့မှာမူ အလကားရသည်မဟုတ်။ ပထမဆရာဖြစ်သော မက္ကောလေးနှင့် ဒုတိယဆရာဖြစ်သော ဆောမားဆက်မော်မ်တို့ထံမှ 'သွေးကူးပြီး'ယူရခြင်းဖြစ်ပါသည်။ သွေးကူးခြင်းဟူသည်မှာ တမင်တကာအတုခိုးယူခြင်းမဟုတ်ဘဲ(အထက်တွင် ရေးပြခဲ့သည့်အတိုင်း) သူတို့စာရေးပုံကို အကြိမ်ကြိမ် ပီတိသောမနသဖြစ်ခြင်းအားဖြင့် သွေးထဲသို့စိမ့်ဝင်လာခြင်းကို ဆိုလိုပါသည်။ ပထမဆရာထံမှမူ ကြိုးကြိုးစားစားလုပ်ယူရ၍ ဒုတိယဆရာထံမှမူ သူနှင့် ကျွန်ုပ်အကြိုက်ချင်းတူသည်ကို တွေ့ရ၍ ကျွန်ုပ်အားတက်ပြီး သူ့နည်းအတိုင်း 'မူသေ'လာခြင်းပင်ဖြစ်လေသည်။ ဒုတိယဆရာထံမှ ကျွန်ုပ်ရရှိလိုက်သောရေးနည်းမှာ စာကိုဖတ်ကြည့်လိုက်သည့်အခါ (မက္ကောလေး၏စာများကဲ့သို့) ခဲခဲယဉ်းယဉ်းနှင့် တပင်တပန်းရေးထားရသည့် အသွင်သဏ္ဌာန်ဟန်ပန်လေသံမျိုးပေါ်မလာစေဘဲ အလွယ်ကလေးကောက်ခြစ်ထားသည်ဟု ထင်ရသောစာမျိုး (Easy Flow) ရေးတတ်ဖို့ပင် ဖြစ်လေသည်။ ဤသို့ရေးသားဖော်ပြခြင်းအားဖြင့် ဆရာမက္ကောလေး၏ကျေးဇူးကို ပစ်ပယ်ခြင်းမဟုတ်ရပါ။ ဆောမားဆက်မော်မ်သည် မက္ကောလေးထက် စာရေးကောင်းသည်ဟုမဆိုလိုပါ။ အမှန်အတိုင်းရှင်းပြရလျှင် အလွယ်ကလေး ကောက်ခြစ်သည်ထင်ရသည့်စာမျိုး ရေးတတ်ဖို့မှာ နှစ်ပရိစ္ဆေဒကြာရှည်စွာ စာအမြောက်အမြားရေးပြီးသောအခါမှ ဝင်လာသောပညာတစ်ခုဖြစ်ပါသည်။ ထိုအခြေအနေသို့ရောက်လာသောအခါ၌မူ ဝါကျတည်ဆောက်ရေးအတွက် တပင်တပန်းသတိမထားရတော့ဘဲ လွယ်လွယ်လေးရေးထုတ်နိုင်သော်လည်း စာမရေးတတ်သူများ ရေးသကဲ့သို့ 'ကပြက်ကချော်' တော်ရိလျော်ရိဝါကျမျိုးဖြစ်မလာဘဲ သပ်ရပ်ပြေပြစ်၍ အဖုအထစ်မရှိသောစာမျိုးဖြစ်လာနိုင်ပေသည်။ ဥပမာဆောင်ရသော် မက္ကောလေး၏ဝါကျများသည် ပွတ်ခံထားသည့် ဂျင်လေးများနှင့်တူသည်ဆိုလျှင် ဆောမားဆက်မော်မ်၏ ဝါကျများသည် အိုးပေါက်မှ ယိုထွက်သည့် ရေပေါက်ကလေးများနှင့် နှိုင်းယှဉ်သင့်ပေသည်။

> "ဝါကျတည်ဆောက်ခြင်းကိုနားလည်မှ စာရေးဆရာကောင်းတစ်ယောက်ဖြစ်နိုင်သည်ဟူ၍ကား မဆိုလိုပါ။ တချို့မှာ ဝါကျအကြောင်း နားမလည်သော်လည်း တခြားသောအချက်အလက်များ ကောင်းမွန်ခြင်းကြောင့် နာမည်ကျော်စာရေးဆရာများဖြစ်နေခြင်းလည်းရှိကြပါသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ရေးကြသည့်စာမျိုးတွင်မူကား စိတ်ကူးစိတ်သန်းချင်း၊ စကားလုံးထူးခြားပုံချင်း တူညီခဲ့လျှင် ဝါကျကောင်းသမားက အနိုင်ရလိမ့်မည်ဖြစ်၏ . . ."

## ဝါကျတည်ဆောက်ပုံ

ရိုးရိုးဝါကျများမှာ ကတ္တား၊ ကြိယာ၊ ကံဟူ၍ အချက်အချာကြီးသုံးခုရှိ၏။ အင်္ဂလိပ်ဘာသာတွင် ၎င်းတို့သည် ဤအစီအစဉ်အတိုင်း သတ်မှတ်တည်ရှိကြ၍ မြန်မာဘာသာ၌မူ ကတ္တား၊ ကံ၊ ကြိယာဟူသောအစီအစဉ်ဖြင့် ရေးတတ်ကြ၏။ သို့ရာတွင် ကျင်လည်သော ဝါကျတည်ဆောက်သမားသည် (အင်္ဂလိပ်ဘာသာ၌လည်းကောင်း၊ မြန်မာဘာသာ၌လည်းကောင်း) တစ်ခါတစ်ရံတွင် အထက်ပါအစီအစဉ်ကို ဖျက်၍ရေးခြင်းအားဖြင့် အဓိပ္ပာယ်ပို၍လေးနက်စေနိုင်သည့်အခါအခွင့်မျိုး ပေါ်လာခြင်းကိုမြင်တတ်၏။ ထိုအစီအစဉ်ကို ဖျက်၍ ရေးခြင်းအားဖြင့် ပို၍ရှင်းခြင်း၊ ပို၍ ချောမောပြေပြစ်ခြင်းတို့ကိုလည်း မြင်တတ်၏။ ထိုမှတစ်ပါး နာမဝိသေသန၊ ကြိယာဝိသေသန စသည်တို့လည်းရှိသေးပေရာ ယင်းတို့ကို 'မူသေ'မထားဘဲ သင့်တော်သောနေရာများ၌ ညှပ်သွင်းထိုးထည့်တတ်ခြင်းသည်လည်း ကျင်လည်သော ဝါကျ 'လက်သမား၏' အရည်အချင်းတစ်ခုပေတည်း။ ဝါကျလက်သမားကောင်းတစ်ယောက်ရေးထားသည့် ဝါကျတစ်ပိုဒ်မှ စကားလုံးများကို ထိုမှဤမှရွှေ့ပြောင်းလိုက်သည့်အခါ အဆင်ပြေမှုပျက်သွားနိုင်သည့်နည်းတူ မကျင်မလည် ရှုပ်ရှုပ်ထွေးထွေး ရေးတတ်သူတစ်ယောက်၏ ဝါကျ၌ စကားလုံးများကို နေရာပြောင်းရွှေ့လိုက်ခြင်းအားဖြင့် ပို၍ရှင်းလင်းလာနိုင်ခြင်းကို နားလည်ထားဖို့သင့်၏။ တချို့စာရေးဆရာများသည် ဝါကျတည်ဆောက်ခြင်းနှင့်ပတ်သက်၍ မည်မျှလောက်နားဝေးကြသနည်းဟူမူ ဝါကျအားလုံးသည် ရေးပုံအတူတူပင်ဖြစ်သည်ဟု မှတ်ထင်ကြ၏။ ကျစ်လျစ်သိပ်သည်းသောဝါကျ၊ 'ပွရောင်းရောင်း'ဖြစ်နေသောဝါကျ၊ ချောမောပြေပြစ်သောဝါကျ၊ အဖုအထစ်များသောဝါကျဟူ၍ ရှိတတ်ခြင်းကို သဘောပင်မပေါက်ကြချေ။ ထိုသို့သော စာရေးဆရာမျိုးသည် အနက်အဓိပ္ပာယ်နှင့် စိတ်ကူးစိတ်သန်းဘက်တွင် ချွန်ချင်လည်း ချွန်ပေမည်။ သို့ရာတွင် ဝါကျလက်သမားကောင်းတစ်ယောက်ဖြစ်လာဖို့မူကား မျှော်လင့်ဖွယ်ရာမရှိချေ။ ဝါကျတည်ဆောက်ခြင်းကို နားလည်မှ စာရေးဆရာကောင်းတစ်ယောက်ဖြစ်နိုင်သည်ဟူ၍ကား မဆိုလိုပါ။ တချို့မှာ ဝါကျအကြောင်း နားမလည်သော်လည်း တခြားသောအချက်အလက်များ ကောင်းမွန်ခြင်းကြောင့် နာမည်ကျော်စာရေးဆရာများဖြစ်နေခြင်းလည်း ရှိကြပါသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ရေးကြသည့်စာမျိုးတွင် မူကား စိတ်ကူးစိတ်သန်းချင်း၊ စကားလုံးထူးခြားပုံချင်းတူညီခဲ့လျှင် ဝါကျကောင်းသမားက အနိုင်ရလိမ့်မည်ဖြစ်၏။ အချုပ်၌ ဝါကျကောင်းသမား၏စာသည် ပို၍ 'အသက်ဝင်'သည်ဟုဆိုလိုပါသည်။

## ဝါကျအတိုအရှည်

တချို့က ဝါကျရှည်ရှည်ရေးခြင်းသည် စာ 'ခံ့'သည်၊ စာရေးဆရာ၏ လက်ရာပီသသည်ဟုယူဆ၍ ရှည်ရှည်ရေးဖို့ ကြိုးစားကြ၏။ တချို့ကလည်း ဝါကျတိုပါမှ အဓိပ္ပာယ်ရှင်းသည်ဆိုကာ တိုတိုရေးကြ၏။ ကျွန်ုပ်၏အယူအဆမှာ ရှည်တိုင်းလည်း မခံ့၊ တိုတိုင်းလည်း မရှင်း။ 'မူသေ' မှတ်ထားဖို့မလိုသောအရာတစ်ခုဖြစ်သည်ထင်၏။ ဝါကျလက်သမားကောင်း တစ်ယောက် ဖြစ်လာသောအခါတွင် မည်သည့်နေရာ၌ရှည်သင့်သည်၊ မည်သည့်နေရာ၌ တိုသင့်သည်ဆိုခြင်းကို အလိုအလျောက် မြင်လာတတ်ပေသည်။ ဝါကျရှည်မှပင် ဖတ်၍ကောင်းသောနေရာမျိုးလည်းရှိ၍ တိုတိုနှင့်ဆတ်ဆတ်ရေးဖို့လိုအပ်သော နေရာများလည်း ရှိ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့်လက်တွေ့သရုပ်ပြသ

ရန်ကုန် စက်တင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အမှတ် (၄)အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို စက်တင်ဘာလ ၁၀ ရက်က ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ် (၄)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဖုန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစည်သူမျိုးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးသတ်ဥပဒေများ၊ နည်းဥပဒေများ၊ မီးသတ်ဆေးဘူးသုံးစွဲနည်းနှင့်ငလျင်ဘေးတွင် ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်မှုများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သိင်္ဂီပြည့်ဖြိုးက သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့်အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံများ၊ အဝတ်ရေစိုဖြင့် မီးငြိမ်းသတ်မှုများ၊ မီးငြိမ်းသတ်ပုံအမျိုးမျိုးကို လက်တွေ့သရုပ်ပြလေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ball Room ၌ ကျင်းပသည်။

NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် ကျရောက်မည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပရန်စီမံဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း၊ NCA နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲတို့၌ NCA တွင် ပါဝင်ခဲ့ကြသူများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် Stakeholders များ၊ ပြည်တွင်း/ ပြည်ပ ပညာရှင်များနှင့်ကဏ္ဍအသီးသီးမှတက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်း အမြင်သဘောထားများ၊ အတွေ့အကြုံများ မျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ရန် အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း၊ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များအပေါ်လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပေးနိုင်ရေးကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားနယ်မြေများတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးမှု လုပ်ငန်းဆောင်ရွက်ချက်များကိုသက်ဆိုင်ရာ ဝန်ကြီးဌာနများက ပြခန်းများတွင် ပါဝင်ခင်းကျင်းပြသနိုင်ရေး ကိစ္စများအား ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍအရေးပါမှုအခြေအနေ၊ လက်ရှိနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် NCA အခမ်းအနား၏အရေးပါမှု အခြေအနေနှင့် အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ လိုအပ်ချက်များအား ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ပုဒ်အဖြစ် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"** ဟု သတ်မှတ်ထားပြီး **"မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း"** Theme ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီးများက Video Conference ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများရေးဆွဲရာတွင် နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ဦးစားပေးရေးဆွဲရေး၊ ယခင်ရေးဆွဲထားသည့်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းများကို ဘက်ပေါင်းစုံ၊ ရှုထောင့်မှ ဗျူဟာမြောက်ရေးဆွဲနိုင်ရေး၊ ဘဏ္ဍာငွေလေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ကဏ္ဍဆိုင်ရာစီမံကိန်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းများ လိုက်လျောညီထွေရှိရေး၊ Top-down နှင့် Bottom-down Approach ကို ပေါင်းစပ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းရေးဆွဲရာတွင်ဦးစားပေးနှင့်ရှေ့နောက် ညီညွတ်မှုရှိစေရေး၊ စီမံကိန်းများနှင့် အချိတ်အဆက်မိမိရေးဆွဲနိုင်ရေး မှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းရေးဆွဲထားရှိမှုအခြေအနေ၊ နိုင်ငံတော်၏ လမ်းညွှန်ချက်များ၊ ဆောင်ပုဒ်များနှင့်အညီ ထုတ်လုပ်မှုလျာထားချက်များ တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ချင်းပြည်နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) စက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

ဟားခါး စက်တင်ဘာ ၁၁

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဟားခါးခရိုင်စုပေါင်းရုံးရှိ ချယ်ရီခန်းမ၌ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ သယံဇာတရေးရာဝန်ကြီး ဦးကောလ်လျန်ထန်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်၊ ခေတ္တပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌဦးဇာထန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ဗဟိုအဆင့်နည်းပြများ၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် MEVM စက်ကို အသုံးပြု၍ ဆန္ဒမဲပေးရမည်ဖြစ်ကြောင်း၊ စက်နှင့် မဲပေးခြင်းနှင့် ပတ်သက်၍ နည်းပြဆရာဖြစ်သင်တန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဗဟိုနည်းပြအဖွဲ့ဝင်များဦးဆောင်၍ သင်တန်းပို့ချပြီးဖြစ်ပြီး လွယ်ကူရှင်းလင်းကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နည်းပြအဖွဲ့များကိုယ်တိုင် သင်တန်းပို့ချသည့်အချိန်တွင် သင်တန်းတက်ရောက်ကြသူများအနေဖြင့် သေချာမှတ်သားပြီး နားမလည်သည့်အချက်များရှိပါက မေးမြန်းကြစေလိုကြောင်းနှင့် "အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံသို့" ဟူသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ပုဒ်အတိုင်း လွတ်လပ်၊ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းပီသစွာ ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာဆောင်ရွက်ကြရန်တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဗဟိုအဆင့်နည်းပြ ဦးကိုကိုမောင်က မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းနည်းလမ်းများ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

# (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ (The 25th China International Fair for Investment and Trade–CIFIT) သို့တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

စက်တင်ဘာလ ၇ ရက်တွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျင့်ပြည်နယ် ခေါင်းဆောင်များနှင့် ဂျီးမေးလ်ခရိုင်မှူးတို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာလ ၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် (၂၅) ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်စည်ပြပွဲဖွင့်ပွဲတက်ရောက်သည်။

ထို့နောက် (၅)ကြိမ်မြောက် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (RCEP) အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအခမ်းအနားသို့ တရုတ်၊ လာအို၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့၏ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် အကျိုးသက်ရောက်မှုများ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based industry) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အစီအမံများ၊ ဒေသတွင်းစီးပွားရေးအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များ၊ RCEP အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုအဆင့်အတန်း ကွာဟသည့်အတွက် အကျိုးကျေးဇူးများ မျှတမှုရှိစေရန် ဆောင်ရွက်နိုင်မှုနည်းလမ်းများနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

စက်တင်ဘာလ ၉ ရက်တွင် ရှမန်နှလုံးသွေးကြောရောဂါကုဆေးရုံ၊ ရှမန်တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရှမန်နှလုံးသွေးကြောရောဂါကုဆေးရုံ၊ ရှမန်တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတကာမှ လာရောက်ပြသထားသော ပြခန်းများရှိ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ နည်းပညာသစ်များနှင့် စီးပွားရေးကဏ္ဍအမျိုးမျိုးကို သွားရောက်လေ့လာခဲ့ကြသည့်အပြင် ခရီးစဉ်အတွင်း ရှမန်မြို့ရှိ ICT နည်းပညာဆိုင်ရာ Software Park သို့ သွားရောက်လေ့လာခြင်း၊ ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြဝတီ

# (၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (၂၀၂၅)၌ မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများ အဆင့်အတန်းပြည့်မီစွာ ခင်းကျင်းပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

(၂၂) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါကုန်စည်ပြပွဲအဆင့်အတန်းပြည့်မီစွာခင်းကျင်းပြသနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်ရွှေထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ ကုန်စည်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၏ ကုန်စည်ပြခန်းဆောင်၌ ပြခန်း ၁၂၀ ဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စားသောက်ကုန်၊ ကော်ဖီ၊ အထည်အလိပ်၊ လက်မှုအနုပညာပစ္စည်းများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပယင်းစသည့် ကျောက်မျက်လက်ဝတ်ရတနာများအပြင် မြန်မာနိုင်ငံ၏ဉာဏ်ရည်တုနည်းပညာဆက်စပ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကိုပါ ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ မြန်မာ့ထုတ်ကုန်များ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ဈေးကွက်ရရှိရေးအတွက် လိုက်ပါပြသမည့်ကုန်စည်လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန်လိုအပ်ကြောင်း၊ ကုန်စည်ပြပွဲသို့တက်ရောက်ကြသူများသည်တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်လာသူများနှင့်ရင်းနှီးမှုရရှိရေး၊ ဆက်သွယ်မှုရရှိရေးအတွက် သတင်းအချက်အလက်များ စုဆောင်းကာ Business Networking ကို တည်ဆောက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက်လည်း ဖိတ်ခေါ်ကြစေလိုကြောင်းနှင့် တရုတ်နိုင်ငံကသတ်မှတ်ထားသည့် ကုန်စည်ပြပွဲစည်းမျဉ်းစည်းကမ်းများကို အလေးထားလိုက်နာကြရန် ပြောကြားကြောင်းသိရသည်။

မြဝတီ

# (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference-22nd AACC) သို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC) သို့ တက်ရောက်လာသူများနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၇ ရက်၊ ညနေပိုင်းတွင် လာအိုလေတပ်ဦးစီးချုပ် Major General Khamlek Sengphachanh၊ ဘရူနိုင်းလေတပ်ဦးစီးချုပ် Brigadier General (U) Haji Haszahaidi bin Haji Ahmad Daud နှင့် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၈ ရက်၊ နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ The Ritz-Carlton Ballroom ၌ ကျင်းပပြုလုပ်သော (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Air Chiefs Conference–22nd AACC) တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "ASEAN Inclusivity and Sustainability of Non-Combatant Evacuation Operations" အကြောင်းအရာအား တစ်ဦးချင်းဆွေးနွေးခဲ့ကြပြီးနောက် အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

၎င်းနောက်ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင်အင်ဒိုနီးရှားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါ (၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference–22nd AACC)သို့တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာလ ၁၀ ရက်၊ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



(၂၂) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးစဉ်။

# တပ်မတော်၏ဂုဏ် နိုင်ငံ၏ဂုဏ်မြှင့်တင်မည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ

**တပ်မတော်သားတိုင်းသည် နေ့စဉ်ကျန်းမာအောင်နေထိုင်ကြရသလို သန်စွမ်းအောင်လေ့ကျင့်နေကြရသည်။ ကျန်းမာသန်စွမ်းမှုသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်စေရေးအတွက် တပ်ရင်း၊ တပ်ဖွဲ့များနှင့်သင်တန်းကျောင်းများတွင် နေ့စဉ်ကျန်းမာရေးလေ့ကျင့်ခန်းများလုပ်ဆောင်ကြရသည်။ ကိုယ်ခန္ဓာကြံ့ခိုင်ရေးအတွက် အပြေးလေ့ကျင့်ကြရသည်။ နေ့စဉ်နံနက်တိုင်းအပြေးလေ့ကျင့်ပါများလာသောအခါ သက်လုံကောင်းလာကြသည်။ တပ်မတော်သားများသည် နိုင်ငံတော်တာဝန်ကို ၂၄ နာရီထမ်းဆောင်နေကြသူများဖြစ်ကြသည့်အတွက် စိတ်ဖိစီးမှုလျော့ပါးရေးအတွက် ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ဆောင်ခြင်း၊ မိမိတို့ဝါသနာပါရာအားကစားတစ်ရပ်ရပ်ကို လေ့ကျင့်ခြင်းများလုပ်ဆောင်ကြရသည်။**

တပ်ရင်း၊ တပ်ဖွဲ့တိုင်းတွင် အားကစားကွင်းများရှိကြသည်။ ထို့အတူ ကျန်းမာရေးလုပ်ဆောင်နိုင်ရန်အတွက် အချိန်မရွေးကျန်းမာရေးလေ့ကျင့်နိုင်သည့် ပစ္စည်းကိရိယာများတပ်ဆင်ပေးထားသည်။ မိမိတို့ဝါသနာပါရာအားကစားနည်းကို လေ့ကျင့်နေရင်း ကျွမ်းကျင်လာသည့်အခါ ပြိုင်ပွဲများသို့ဝင်ရောက်ယှဉ်ပြိုင်ကြရသည်။ ဘောလုံးကစားခြင်း ဝါသနာပါကျွမ်းကျင်သူက ဘောလုံးကစားခြင်း၊ ခြင်းလုံးခတ်ခြင်းကိုဝါသနာပါသူက ခြင်းလုံးခတ်ခြင်း၊ လက်ဝှေ့ဝါသနာပါသူက လက်ဝှေ့ထိုးလေ့ကျင့်ခြင်း စသည်ဖြင့် လုပ်ဆောင်ကြရာမှ ထူးချွန်သူများကို ပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်စေလျက်ရှိသည်။

အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။ အားကစားအောင်မြင်ခြင်းမှာလည်း နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အားကစားကဏ္ဍတိုးတက်မြင့်မားအောင် လိုအပ်သည်များကိုပြည့်ဝစွာပံ့ပိုးပေးလျက်ရှိသည်။ အားကစားတိုးတက်မြင့်မားခြင်းမှာ နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် အားကစားသမားတိုင်းက မိမိနိုင်ငံ၏အလံတော်ကို အောင်လံလွှင့်ထူနိုင်အောင်ကြိုးစားကြရမည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူအတွက် မရှိမဖြစ်အဖွဲ့အစည်းဖြစ်ပေရာ နိုင်ငံ့အားကစားမြင့်မားတိုးတက်လာစေရေးအတွက် တပ်မတော်သားများကလည်း အထူးပင်ကြိုးစားကြရမည်ဖြစ်သည်။ မြန်မာ့အားကစားအောင်မြင်မှုမှတ်တမ်းများကို လေ့လာကြည့်ပါကလည်း တပ်မတော်သားအားကစားသမားကောင်းများ၏ အောင်မြင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။ အားကစားဆိုသည်မှာ အားကစားကွင်းအတွင်း ပြိုင်ပွဲဝင်နေကြသည့်အားကစားသမားများနှင့်သာ တိုက်ရိုက်သက်ဆိုင်သည်မဟုတ်ဘဲ ယင်းတို့နှင့် ဆက်စပ်သည့် တပ်မတော်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အထိကိုယ်စားပြုနေခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ စက်တင်ဘာလ ၁၀ ရက် ညနေပိုင်းတွင် စတင်ကျင်းပရာ အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကြသည်။ အဆိုပါအားကစားပြိုင်ပွဲအခမ်းအနား ကျင်းပပုံများကို ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ပြသခဲ့သည်။ တပ်မတော်အနေဖြင့် ယခုကဲ့သို့အားကစားပြိုင်ပွဲများကျင်းပနေခြင်းမှာ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ်သို့တက်လှမ်းနိုင်စေရန် အဓိကရည်ရွယ်ကျင်းပနေခြင်းဖြစ်သည်။ ထို့ပြင် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲများကို ကျင်းပနေခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်လည်း ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်သည်။

အားကစားဆိုသည်မှာ တပ်မတော်တစ်ရပ်အတွက်သာမကဘဲ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယကြိုးစားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကိုပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် စွမ်းရည်ပြယှဉ်ပြိုင်မှုများဖြစ်သည်။ တပ်မတော်သည် စနစ်တကျလေ့ကျင့်ထားသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ နှစ်စဉ်နှစ်တိုင်းလည်း နိုင်ငံတော်အတွက် ထူးချွန်အားကစားသမားများ ပေါ်ထွက်လျက်ရှိသည်။ တပ်မတော်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအဖြစ် များစွာပေါ်ထွန်းလျက်ရှိရာတွင် မြန်မာ့ဘောလုံးရွှေခေတ်၏အစဖြစ်သော ဗဟာဒူးကဲ့သို့သော တပ်မတော်လက်ရွေးစင်မှ နိုင်ငံ့လက်ရွေးစင်ဖြစ်လာကြသူများ များစွာပေါ်ထွန်းခဲ့သည်။ ယနေ့တိုင်လည်း မြန်မာ့လက်ရွေးစင်တွင် တပ်မတော်သားတို့ပါဝင်နေဆဲဖြစ်သည်။

လက်ရှိအချိန်များတွင်လည်း တပ်မတော်မှနိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုစဉ်ဆက်မပြတ်မွေးထုတ်လျက်ရှိသည်။ နိုင်ငံ့ကိုယ်စားပြု၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ဦးဖြစ်လာရန်မှာ လွယ်ကူသောကိစ္စရပ်မဟုတ်ပေ။ မိမိကျွမ်းကျင်သည့် အားကစားနည်းကို ထူးချွန်စွာတတ်မြောက်ရမည့်အပြင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသော ယုံကြည်ချက်၊ ခံယူချက်လည်းရှိရမည်ဖြစ်သည်။ ယုံကြည်ချက်ဟုဆိုရာတွင် မိမိတတ်ကျွမ်းသည့်အားကစားနည်းကို မိမိပိုင်နိုင်စွာလေ့ကျင့်ထားပြီးဖြစ်သည့်အတွက် ပြိုင်ပွဲတိုင်းတွင် နိုင်ရမည်ဟူသော ယုံကြည်ချက်ရှိနေရမည်ဖြစ်သည်။ ယုံကြည်ချက်မရှိဘဲနှင့် အောင်မြင်မှုပန်းတိုင်ကို ရယူနိုင်မည်မဟုတ်ပေ။

တပ်မတော်သားဆိုသည်မှာ စစ်စည်းကမ်းကို တိကျစွာလိုက်နာကြရသည်။ တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရသည်။ လုံ့လ၊ ဝီရိယရှိကြရသည်။ ကျန်းမာအောင်နေ၍ သန်စွမ်းအောင်လေ့ကျင့်ကြရသည်။ အဆိုပါအချက်လေးချက်သည် အားကစားယှဉ်ပြိုင်ရာတွင်လည်း များစွာအကျိုးပြုလျက်ရှိသည်။ "လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှရဲရင့်၊ ရဲရင့်မှယုံကြည်၊ ယုံကြည်မှအောင်ပွဲဆီ"သို့ဆိုသည့် အတိုင်း အားကစားယှဉ်ပြိုင်ရာတွင် ရွှေ၊ ငွေ၊ ကြေးတစ်ခုခုရရှိနေရမည်ဖြစ်သည်။ ရရှိအောင်လည်း ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

> **မည်သည့်အလုပ်မဆို ထူးချွန်အောင်လုပ်ဆောင်နိုင်မှသာ ကောင်းကျိုးရလဒ်ထွက်ပေါ်လာမည်ဖြစ်သည်။ အားကစားသမားဆိုသည်မှာလည်း သာမန်ကြိုးစားရုံမျှဖြင့် အားကစားသမားကောင်းဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဖြစ်လာရန် ကောင်းမွန်သည့်ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များပြည့်ဝအောင် လေ့ကျင့်ထားရမည်ဖြစ်သည်။**

တပ်မတော်သည် နိုင်ငံတော်နှင့်ပတ်သက်လာလျှင် ကာကွယ်ရေးတာဝန်တစ်ခုတည်းသာမကဘဲ ဘက်ပေါင်းစုံတွင် ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အားကစားကဏ္ဍသည်လည်း တစ်ခုပါဝင်သည်။ အားကစားပြိုင်ပွဲဆိုသည်မှာ ပရိသတ်ရှေ့မှောက်တွင်ယှဉ်ပြိုင်ကြရသည့်ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ အားကစားသမားကောင်းများပေါ်ထွက်လာလျှင် ပြည်သူတို့ချစ်မြတ်နိုးသည်။ အားရပါးရအားပေးဂုဏ်ပြုကြသည်။ အားကစားသမားကောင်းဖြစ်လာရန်မှာ မိမိတို့ပင်ကိုအရည်အချင်းမရှိဘဲနှင့် ဖြစ်လာနိုင်သည့်ကိစ္စတစ်ရပ်မဟုတ်ပေ။

အားကစားသမားကောင်းတစ်ဦးဖြစ်လာရန်မှာ စိတ်ဓာတ်သည် အခြေခံဖြစ်သည်။ စိတ်ဓာတ်ကောင်းကောင်းဖြင့်မိမိပါဝင်ယှဉ်ပြိုင်သည့်အသင်းအနိုင်ရရှိရေးကို ပံ့ပိုးပေးနိုင်သူဖြစ်ရမည်။ ဥပမာအားဖြင့် လူကြိုက်များသောဘောလုံးပြိုင်ပွဲတစ်ခုဆိုပါစို့။ ဘောလုံးအသင်းတစ်သင်းအနိုင်ရရှိရေးမှာ အားလုံးက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှသာအောင်မြင်မည်ဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်၍မရနိုင်ပေ။ တစ်ကိုယ်ကောင်းဆန်ခြင်းသည် စိတ်ဓာတ်မကောင်းခြင်းဟုဆိုနိုင်သည်။ ထို့အတူ စည်းကမ်းပိုင်းဆိုင်ရာလည်း ကောင်းမွန်နေရမည်ဖြစ်သည်။ နည်းပြဆရာများ၏သွန်သင်ပြသမှုကို တစ်သဝေမတိမ်းလိုက်နာလုပ်ဆောင်ရမည်။ နည်းပြဆိုသည်မှာ မိမိတို့ထက် တော်၍၊ တတ်၍နည်းပြဖြစ်လာခြင်းဖြစ်ပေရာ နည်းပြ၏ပြောဆိုသွန်သင်ပြသမှုအတိုင်း လိုက်ပါဆောင်ရွက်ခြင်းဖြင့် အားကစားသမားကောင်းတစ်ဦးဖြစ်အောင်ကြိုးစားကြရမည်ဖြစ်သည်။

စည်းလုံးမှုမရှိသော အားကစားအသင်းသည် အောင်မြင်မှုနှင့်ဝေးကွာနေမည်ဖြစ်သည်။ အောင်မြင်မှုမရရှိသောအသင်းတစ်သင်းအား ပါဝင်ယှဉ်ပြိုင်စေခြင်းမှာ နိုင်ငံတော်အတွက်ဆုံးရှုံးမှုတစ်ခုဖြစ်သည်။ ပညာရပ်တစ်ခုဆိုသည်မှာ အမြဲတမ်းလေ့ကျင့်နေရသည်။ မြန်မာ့အနုသုခုမပညာတွင် သဘင်အသက်ခုနစ်ရက်ဟုဆိုထားသည်။ ဆိုလိုသည်မှာ ခုနစ်ရက် မလေ့ကျင့်ဘဲထားလျှင် ထိုပညာရပ်သည် တိုးတက်လာမှုမရှိဘဲ လျော့ပါးသွားမည်ဖြစ်သည်။ ထို့အတူ အားကစားသမားဆိုသည်မှာလည်း အမြဲမပြတ်လေ့ကျင့်နေရမည်ဖြစ်သည်။ အပြေးစံချိန်ကောင်းရန်လေ့ကျင့်ရသည်။ ဘောလုံးကန်ချက်၊ ထိချက်မလွဲအောင် လေ့ကျင့်ရသည်။ အချိန်အဆမှန်ကန်နေရသည်။ ထို့အတူ အခြားသောအားကစားသမားများမှာ မိမိတို့ပြိုင်ပွဲဝင်မည့် အားကစားနည်းများကို ပိုင်နိုင်စွာလေ့ကျင့်ထားရမည်ဖြစ်သည်။

မည်သည့်အလုပ်မဆို ထူးချွန်အောင်လုပ်ဆောင်နိုင်မှသာ ကောင်းကျိုးရလဒ်ထွက်ပေါ်လာမည်ဖြစ်သည်။ အားကစားသမားဆိုသည်မှာလည်း သာမန်ကြိုးစားရုံမျှဖြင့် အားကစားသမားကောင်းဖြစ်လာမည်မဟုတ်ပေ။ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဖြစ်လာရန် ကောင်းမွန်သည့်ကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များပြည့်ဝအောင်လေ့ကျင့်ထားရမည်ဖြစ်သည်။ တပ်မတော်သားဆိုသည်မှာ သာမန်အားဖြင့် ကျန်းမာကြံ့ခိုင်သူများဖြစ်ကြသည်။ အားကစားနည်းများအားလုံးကိုယှဉ်ပြိုင်ကြရာတွင် ခွန်အားနှင့် ဉာဏ်အားကိုတစ်ပြိုင်တည်းအသုံးပြုရသည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် သူ့ထက်ငါ ပိုမိုအစွမ်းပြကြမည်ဖြစ်သည်။ အားကစားအောင်မြင်မှုဖြင့် မိမိတို့ဘဝကို တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်သလို အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြရမည်ဖြစ်သည်။ အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစဉ်အမြဲနှလုံးသွင်းထားကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲသည် တပ်မတော်တွင် အမြင့်ဆုံးအားကစားဖြစ်ပေရာ ရိုးသား၊ ကြိုးစားမှုများဖြင့် အောင်ပန်းကိုဆွတ်ခူးနိုင်ကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ထူးချွန်ထက်မြက်သောအားကစားသမားများဖြစ်ကာ နိုင်ငံ့ဂုဏ်ဆောင်ကြရန်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်အတွက် ကျစ်လျစ်ခိုင်မာသည့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံအတွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်သည့်အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတော်အတွက်လိုအပ်နေသည်မှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများဖြစ်သည်။ ထို့ကြောင့် ယခုကျင်းပနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲမှ တပ်မတော်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများ ပေါ်ထွန်းလာမည်ဟု လေးနက်စွာယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

**အာကာမောင်မောင်**

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၂-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၂၅ | ၃၀၃၅ | ၃၀၀၅ | ၂၉၄၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၇၅ | ၂၉၉၅ | ၄၅၀၅ | ၃၂၉၀ | ၃၀၁၀ | ၃၀၁၅ | ၃၀၈၅ | ၃၀၅၀ | ၃၀၇၀ | ၃၃၂၅ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ | ၂၆၅၅ | ၂၅၉၀ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၅ | ၂၆၄၅ | - | ၂၉၄၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၀၀ | ၂၇၂၀ | ၂၉၇၅ |
| HSD (50 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | ၄၈၃၀ | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |
| HSD (10 ppm) | ၃၁၇၅ | ၃၂၈၅ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၅ | ၃၂၄၅ | - | ၃၅၃၅ | ၃၂၆၀ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၂၀ | ၃၅၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၆ | ၂၈၄၅ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၄၁၈ | ၂၄၉၆ |
| HSD (50 ppm) | ၂၉၉၈ | ၃၀၈၇ |
| HSD (10 ppm) | ၂၉၉၈ | ၃၀၈၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
World First Aid Day
၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်။
"ဥတုဖောက်ပြန် သဘာဝဘေးရန်
ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်"
First Aid and Climate Change

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

# ၁၅၀၀ ပြည့်နှစ် တမန်တော်နေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၁

၁၅၀၀ ပြည့်နှစ် တမန်တော်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Sky Star Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်သံရုံးမှ သံရုံး(ယာယီ)တာဝန်ခံ Dr.Ahmed Abdallah Mahmoud Atiya Eitahlawy၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး(ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ၁၅၀၀ ပြည့်နှစ် တမန်တော်နေ့အခမ်းအနား ကျင်းပရေးဗဟိုကော်မတီဝင်များနှင့် ဘာသာဝင်များ တက်ရောက်ကြသည်။

ဦးစွာ ၁၅၀၀ ပြည့်နှစ် တမန်တော်နေ့အခမ်းအနားအား အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် အလ်ဟာဂျ် မောင်လာနာကာရီအဗ်ဒုလ္လာဟ်က ကုရ်အာန်ကျမ်းမြတ်ရွတ်ဖတ်၍ဖွင့်လှစ်ပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ဟာဂျီဦးကျော်ခင်ကနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ဒုတိယဝန်ကြီး ဦးအေးထွန်းကဖတ်ကြားပြီး ဗဟိုကော်မတီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအီဂျစ်သံရုံးမှ သံရုံး(ယာယီ)တာဝန်ခံ Dr.Ahmed Abdallah Mahmoud Atiya Eitahlawy က ၁၅၀၀ ပြည့်နှစ်တမန်တော်နေ့အခမ်းအနားကျင်းပခြင်းအပေါ် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြား၍ ဗဟိုကော်မတီဝင်တို့က တမန်တော်မြတ်၏ ဘဝဖြစ်စဉ်ကို ဟောပြောတင်ပြပြီး အစ္စလာမ်သာသနာ့စာပေမှတ်ကျောက်တင်ပြိုင်ပွဲတွင် ပထမဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ကာ ၁၅၀၀ ပြည့်နှစ် တမန်တော်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီနာယကတို့က ကျေးဇူးတင်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သကြကြောင်းသိရသည်။ **မြဝတီ**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၁၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြားအလပ်မရှိစဉ်ဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက်ကျောက်လမ်း၁၂မိုင်၂ဖာလုံအနက် ၃ မိုင်ကတ္တရာခင်းပြီး ကျန် ၉ မိုင် ၂ ဖာလုံမှ ၄ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံကျေးရွာ ၁၀ ရွာမှ လူဦးရေ ၂၂၆၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေကျပ် ၇၇၉၇ ဒသမ ၅၆၃ သန်းဖြင့် မြေလမ်း ၉ မိုင်၊ ကျောက်လမ်းပြုပြင်ထိန်းသိမ်းခြင်း ၂ မိုင်၊ ကျောက်လမ်း ၉ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်လမ်း ၂ မိုင် ၆ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်တံတားလေးစင်း၊ Box Culvert ၂၃ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်း တစ်ခု၊ ကျောက်စီရေမြောင်း ၂ ဖာလုံ၊ ပညာရေးလုပ်ငန်းတစ်ခု၊ မီးသွယ်တန်းခြင်းလုပ်ငန်း တစ်ခု၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေတင်ခြင်းလုပ်ငန်းသုံးခု၊ သာသနာရေးလုပ်ငန်းလေးခုနှင့်ဦးစီးဌာနလုပ်ငန်းငါးခု တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **မြဝတီ**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်အား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်ဇေရန်အောင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၂ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အောင်ဇေရန်အောင်ကျောင်းတိုက်ဆရာတော် အမှူးပြုသောသံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး စက်တင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်သူများအေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စေနိုင်ရေး ဘက်ပေါင်းစုံမှအလေးထားဆောင်ရွက်သွားမည်ဖြစ်သလို သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ကော်မတီအလိုက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလျှန်းချိုက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပဆောင်ရွက်မည့် မြို့နယ်များရှိ မဲရုံတည်ရှိရာအလိုက် လုံခြုံရေးဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ဆန္ဒမဲပေးစနစ်နှင့် ပွင့်လင်းမြင်သာစွာ မဲပေးနိုင်ရေးနှင့်မဲမသမာမှုမဖြစ်ပေါ်စေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ၏ ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းများနှင့် မြေပြင်အတည်ပြုလူဦးရေစာရင်းကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြကြကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ (STEAMS-1) ၌ တတိယအမှတ်အများဆုံးရရှိသည့် မောင်ဖြိုးထက်အောင်အား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီနှင့် တာဝန်ရှိသူများက ဘာသာရပ်အလိုက် ဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ကြသည်။

အခမ်းအနားသို့မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

ကြည်လင်း

## ဖွံ့ဖြိုးမည့်အား(ဗုံထောက်သံ)

❖ ကြည်း၊ ရေ၊ လေ တပ်မတော်သားတို့
အားကစား ပြိုင်ပွဲဆင်၊
အနိုင်ခဲဖို့ ပြိုင်ပွဲဝင်သည်၊
ခိုင်ဖွဲ့ယှဉ် ရွှင်လန်း။
အောင်စိတ်နှင့် အောင်သံချီတယ်
အောင်လံကို ခူးဆွတ်ဖို့မှန်း။

❖ နည်းမျိုးစုံ အားကစား
မြင့်မားလှ ရှင်သန်ကာ၊
ကျင့်သားရ လျှင်မြန်ပါတယ်၊
ကိုယ်ခန္ဓာ ပေါ့ပါး။
အောင်ပွဲရ အောင်ပန်းစည်အောင်
အောင်စွမ်းရည် ပြကြစို့လား။

❖ အောင်စွမ်းရည် မြိုင်ဆိုင်လှ
ပြိုင်သမျှ ပွဲစဉ်မှာ၊
အနိုင်ရ နွှဲယှဉ်ကာ၊
ပွဲဝင်သာ ဗိုလ်စွဲ။
အားပေးကြ သိမ့်သိမ့်မြည်တယ်
ခြိမ့်ခြိမ့်စည် ကွင်းလုံးပြည့်ပဲ။

❖ လူငယ်တွေ စွမ်းရည်ပြည့်
ထမ်းမည်တည့် ခွန်းသစ္စာ၊
လှမ်းချီမည့် ရင်းမြစ်ပါ၊
ထွန်းသစ်လာ နေအလား။
အားကစားစိတ် ခိုင်သန်တည်တယ်
နိုင်ငံစည် ဖွံ့ဖြိုးမည့်အား။ ။

မောင်ကျော်(ပညာရေး)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၅။ | ၁၂:၀၀ | မြန်မာ့ရှုခင်း |
| ၆။ | ၁၄:၀၀ | Soft Skill |
| ၇။ | ၁၅:၀၀ | မြန်မာသံစဉ် ချိုနားဝင် |
| ၈။ | ၁၆:၀၀ | နိုင်ငံတကာသတင်း |
| ၉။ | ၁၇:၀၀ | သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၁၀။ | ၁၈:၀၀ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၁၁။ | ၁၈:၃၀ | မွေးမြူသုတ |
| ၁၂။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ မဒ္ဒပါနာစ သံယမော** |

MWD Variety Channel ၁၂-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၃၀ | ကျန်းမာသောဘဝ |
| ၂။ | ၁၁:၃၀ | လူငယ်ရှေ့ရေး အတွေးကမ္ဘာ |
| ၃။ | ၁၂:၂၀ | ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ |
| ၄။ | ၁၅:၄၅ | ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာ |
| ၅။ | ၁၆:၅၀ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၆။ | ၁၇:၅၀ | Countries of the World |

# မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံး၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ(၂) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မသန်စွမ်းကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင်အမျိုးသားကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံသည် မသန်စွမ်းသူများ လူ့အသိုက်အဝန်းအတွင်း အပြည့်အဝပါဝင်ဆောင်ရွက်ခွင့်ရစေရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားကော်မတီသည် မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ထောင်ရေးအတွက် ကြီးကြပ်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်အုပ်စုဝင်များသည်သဘာဝဘေးအပါအဝင် အရေးပေါ်အခြေအနေတစ်ရပ်ရပ်ကြုံတွေ့ရပါက ပိုမိုထိခိုက်ခံစားနိုင်ရသူများဖြစ်၍ မသန်စွမ်းသူများအရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီမျှပါဝင်ခွင့်ရရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာနှင့်စွမ်းဆောင်ရည်ကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အထကောင်းများ ဖြစ်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများ အများနည်းတူဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပံ့ပိုးစေလိုကြောင်း။

မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းမှတ်ပုံတင်ရရှိစေရေး စသည့်အရေးကြီးကိစ္စများအတွက်လည်း ဝန်ကြီးဌာနအသီးသီးက ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ပေးရန်နှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ အလုပ်ခန့်အပ်ရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝေပုံကျနှုန်းထားသတ်မှတ်အလုပ်ခန့်အပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ နိုင်ငံ့လူဦးရေ၏၁၂ရာခိုင်နှုန်းခန့်မှာ မသန်စွမ်းသူများဖြစ်ကြောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် မသန်စွမ်းများ ပူးပေါင်းပါဝင်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ မူဝါဒများရေးဆွဲချမှတ်ရာတွင် မသန်စွမ်းမှုဆိုင်ရာအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးငလျင်ကြီးကြောင့် အခက်အခဲကြုံတွေ့ရသည့် ဘေးသင့်ဒေသများမှ မသန်စွမ်းသူများအား မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ စိစစ်တင်ပြပေးမှုအရ လတ်တလော သက်သာချောင်ချိစေရေးပံ့ပိုးကူညီမှု ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မသန်စွမ်းသူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပံ့ပိုးကူညီခြင်း၊ မသန်စွမ်းသူများအတွက် အခြေခံအခွင့်အရေးများဖြစ်သည့် အထူးပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ သဘာဝဘေးကြုံတွေ့ချိန်တွင် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတို့အားလည်း စနစ်တကျပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ (၂) မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မသန်စွမ်းကိုယ်စားလှယ်များက ကဏ္ဍအလိုက် မသန်စွမ်းသူများ အခွင့်အရေးအတွက် ဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသော အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်မှုများကိုတင်ပြဆွေးနွေးကြကာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကော်မတီ (COSTI) အဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကော်မတီ(ASEAN Committee on Science, Technology and Innovation–COSTI) အဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်က COSTI အဖွဲ့ဝင်များသည် နိုင်ငံအလိုက် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု မူဝါဒများ၊ လမ်းပြမြေပုံများ၊ မဟာဗျူဟာများချမှတ်ပြီး အာဆီယံလုပ်ငန်းအစီအစဉ်(Plan of Actions)များနှင့်ကိုက်ညီအောင် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်စဉ် အာဆီယံ သိပ္ပံနှင့်နည်းပညာဝန်ကြီးအဆင့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံများက မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းများ၊ စီးပွားရေးဖွံ့ဖြိုးမှုကို ရှေးရှုသောစီမံကိန်းများ၊ စဉ်ဆက်မပြတ်ပြောင်းလဲနေသော နည်းပညာပိုင်းဆိုင်ရာ အမြင်ဖလှယ်ခြင်းများကို အဖွဲ့ဝင်နိုင်ငံများ၏ လူမှုအကျိုးစီးပွားမြှင့်တင်နိုင်ရန် ဆွေးနွေးကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အနာဂတ်ကာလ ၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အတွင်း အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် APASTI (2026–2035)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကော်မတီ၊ ဆပ်ကော်မတီကိုးခု၊ Task Force အဖွဲ့ခွဲငါးခုတို့၏ တာဝန်ခံများက ယခင်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သောလုပ်ငန်းစဉ်များ တင်ပြခြင်းနှင့် APASTI(2026–2035)နှင့်အတူ နိုင်ငံ့အကျိုးအတွက် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သင့်သောလုပ်ငန်းစဉ်များအား အကြံပြုတင်ပြဆွေးနွေးပေးသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက UL Research institutes–ASEAN–U.S. Science prize for Women 2024 ၌ National Finalist အဖြစ် Senior Level အတွက် ရွေးချယ်ခံရသူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနီနီတင့်နှင့် Mid–Career Level အတွက် ရွေးချယ်ခံရသူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Naypyitaw State Polytechnic University မှ ညွှန်ကြားရေးမှူး ဒေါက်တာသိမ့်သိမ့်ဝင်းတို့ကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုကော်မတီ National COSTI Chair သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ညှိနှိုင်းဆွေးနွေးပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လာမည့်စက်တင်ဘာလ ၁၂ ရက်တွင် Naypyitaw State Polytechnic University ၌ကျင်းပမည့် Engineering & ICT Project Show, 2025 အတွက် အကြိုခင်းကျင်းပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်ဦးမျိုးဆွေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်ဦးကောင်းဇော်သန့်နှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိလိုက်စားမှုကျူးလွန်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်း၌လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအားလုံးသိရှိ၊ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက မိမိတို့သိရှိလိုသောကဏ္ဍအလိုက် အပြန်အလှန်မေးမြန်းဖြေကြားဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

# နှလုံးသွေးများမရပ်သရွေ့ မမှိတ်မသုန်ချီတက်နေမည်

**အမောင်**

နိုင်ငံတစ်နိုင်ငံတွင် ခေတ်မီစွမ်းအားပြည့်ဝသော တပ်မတော်တစ်ရပ် မရှိမဖြစ်လိုအပ်ကြောင်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နံနက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ တီယန်အန်မင်ရင်ပြင်မှာ ကျင်းပခဲ့သည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် တွေ့ရှိရမည်ဖြစ်သည်။ မည်သည့်နိုင်ငံမဆို အချုပ်အခြာအာဏာမတည်မြဲလျှင်သို့မဟုတ် အချုပ်အခြာအာဏာကို မကာကွယ်နိုင်လျှင်ထိုနိုင်ငံသည်လွတ်လပ်ရေးဆုံးရှုံးခြင်းပင်ဖြစ်သည်၊ ၁၉၃၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း မန်ချူးရီးယားဒေသကို ဂျပန်တို့ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုစတင်ခဲ့ပြီး ထိုကျူးကျော်မှုတွင် တရုတ်နိုင်ငံ၏ နယ်မြေတချို့စွန့်လွှတ်ခဲ့ရသည်။ သို့ရာတွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အားတော်လှန်ရေးစစ်ကို ဆင်နွှဲခဲ့ကြသည်။ ထိုစစ်ပွဲတွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရဲဝံ့မှု၊ အသက်နှင့် ခန္ဓာကိုယ်ကို စွန့်လွှတ်မှုတို့ဖြင့် မိမိနိုင်ငံကို ကာကွယ်ခဲ့ခြင်းကြောင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ ဂျပန်က လက်နက်ချအညံ့ခံခဲ့သည်။ နောက်တစ်နေ့ စက်တင်ဘာလ ၃ ရက်ကို "တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့" အဖြစ် သတ်မှတ်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက် နံနက်ခင်းအချိန်သည် တရုတ်ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနှင့် တရုတ်ပြည်သူ့တပ်မတော် PLA ၏ အားမာန်ကို မြင်တွေ့ခဲ့ရသည့် သမယပင်ဖြစ်သည်။ တရုတ်ပြည်သူ့တပ်မတော် PLA ၏ ခက်ခဲကြမ်းတမ်းမှုများကြားက ပေါ်ပေါက်လာသည့် ဂျပန်ခုခံ



တော်လှန်ရေးစိတ်ဓာတ်သည် မိုးထက်အောင်လံလွှင့်ခဲ့ပြီဖြစ်သည်။ ကြည်း၊ ရေ၊ လေ ပူးပေါင်း၍ ချီတက်လာကြသည့်တရုတ်ပြည်သူ့တပ်မတော်PLA၏ခြေလှမ်းများတွင် အတိတ်သမိုင်းနှင့် အနာဂတ်ခြေလှမ်းများကို မြင်တွေ့ရမည်ဖြစ်သည်။ အတိတ်ကိုဆိုရလျှင် တရုတ်ပြည်သူများ၏ ရင်နင့်ဖွယ်ဖြစ်ရပ်များ၊ ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို မကြောက်မရွံ့ အသက်ပေးဆပ်ခဲ့မှုများ၊ အချုပ်အခြာအာဏာထိပါးစော်ကားခံရမှုများ၊ တရားမျှတမှဲ့မှုများ၊ လူ့အခွင့်အရေးနှင့် လူသားဆန်ခြင်းကင်းမဲ့စေမှုများကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အနာဂတ်ဟုဆိုလျှင် ကြီးမားကျယ်ပြန့်ခဲ့သော တရုတ်နိုင်ငံ၏ တောက်ပသောဂုဏ်ဒြပ်ကို ထိန်းသိမ်းလိုခြင်း၊ နှစ်ပေါင်း ၅၀၀၀ တိုင်ခဲ့ပြီဖြစ်သော တရုတ်လူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းလိုခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ခုတည်းသောအလံတော်အောက်တွင် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုကိုပြသလိုခြင်း၊ ဖက်ဆစ်စနစ်ကို ကမ္ဘာပေါ်မှာမရှိစေလိုခြင်း၊ ခေတ်မီတိုးတက်သော နည်းပညာစစ်လက်နက်များဖြင့် ကာကွယ်ရန်ဆန္ဒပြင်းပြလိုခြင်းနှင့် ကမ္ဘာတစ်ဝန်း လူသားယဉ်ကျေးမှု



တိုးတက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အနာဂတ်ကမ္ဘာကြီးအတွက် အမြဲအသင့်ရှိနေခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်သည်။

မကြာမီ စစ်ရေးပြအခမ်းအနားကြီး စတင်တော့မည်၊ အခမ်းအနားတက်ရောက်လာကြသူများ၏ စိတ်တွင် မကြုံစဖူးထူးခြားသော အောင်ပွဲအထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့တပ်မတော်နှင့် တရုတ်နိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ စစ်ရေးပြချီတက်မှုအစီအစဉ်များကို ရင်သပ်ရှုမောမြင်တွေ့ချင်နေကြလိမ့်မည်ထင်ပါသည်။ ထိုစဉ် စစ်ရေးပြမှူးက အားလုံးမတ်တတ်ရပ်ပေးဖို့ ဆော်သြလာသည်၊ မရှေးမနှောင်းမှာပင် အခမ်းအနားစတင်ခြင်း အထိမ်းအမှတ်အနေဖြင့် ဂုဏ်ပြုအမြောက်အလက် ၈၀ ဖြင့် ဂုဏ်ပြုပစ်ဖောက်ကြသည်။ ထိုသို့အမြောက်တစ်ချက်ပစ်တိုင်း တရုတ်ပြည်သူများ၏ ရင်ထဲတွင် ဝမ်းနည်းမှု၊ ပူဆွေးမှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုနှင့် မျှော်လင့်ချက်ကင်းမဲ့ခဲ့ရသည့် ခါးသီးမှုများမေ့ပျောက်ပြီး ရဲဝံ့မှု၊ စွန့်စားမှု၊ တည်ကြည်ခိုင်မာမှုနှင့် မျှော်လင့်ချက်များ ရှင်သန်ထမြောက်၍ အတိတ်၏အနာတရကို သက်သာပျောက်ကင်းစေသည်ဟု ဆိုရပါမည်။

အမြောက်ပစ်ဖောက်ဂုဏ်ပြုပြီးနောက် တစ်ဆက်တည်းမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံကို လွှင့်တင်၍ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်၊

ထို့နောက် စစ်ရေးပြမှူး၏အမိန့်စဉ်အတိုင်း ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုသည်နိုင်ငံတော်သမ္မတ ဗဟိုစစ်ရေးကော်မရှင်ဥက္ကဋ္ဌ ရှီကျင့်ဖျင်အား အလေးပြုတန်းအပ်သည်။ စစ်ရေးပြတပ်ဖွဲ့များစွာပါဝင်သည့် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုကြီးကို မစစ်ဆေးမီ သမ္မတရှီကျင့်ဖျင်က အရေးကြီးမိန့်ခွန်းမြွက်ကြားသည်။ သမ္မတ၏ မိန့်ခွန်းတွင် လေးနက်မှု၊ ဂုဏ်ယူမှု၊ ဂုဏ်ပြုမှုများဖြင့် အားရကျေနပ်မှုများစွာကို ထင်ဟပ်ခံစားရစေသည်။ အောင်ပွဲအတွက် အသက်ပေးဆပ်သွားခဲ့သော အာဇာနည်သူရဲကောင်းများကို လွမ်းဆွတ်သတိရအောက်မေ့ရင်း ငြိမ်းချမ်းသောအနာဂတ်ကမ္ဘာကြီးကို ဖန်တီးသွားရန် အလေးအနက်တိုက်တွန်းသည်၊ တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ခက်ခဲကြမ်းတမ်းမှုများစွာဖြင့် တိုက်ခဲ့ရသည့် ကြီးမြတ်သောစစ်ပွဲကြီးဖြစ်ကြောင်းလည်း ညွှန်းဆိုသည်။ တကယ်တော့ တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးစစ်ပွဲကြီး၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး တရုတ်ပြည်သူတို့၏ ကြီးမားသောပေးဆပ်မှုဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားယဉ်ကျေးမှုကို အကာအကွယ်ပေးခဲ့ကြောင်းကိုလည်း အခိုင်အမာပြဆိုသည်။ သမိုင်းထဲမှာ သင်ခန်းစာများစွာရှိကြောင်း၊ ကမ္ဘာကြီးတွင် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးသည် တန်းတူညီမျှမှုဖြင့် ငြိမ်းချမ်းစွာအတူတကွယှဉ်တွဲနေထိုင်နိုင်ရေး အပြန်အလှန်ဖေးမကူညီကြမှသာ လုံခြုံမှုအတွက် အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းမြွက်ကြားသည်၊ အနာဂတ်ကမ္ဘာကြီးတွင် တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူတို့သည် သမိုင်း၏ မှန်ကန်သည့်ဘက်တွင် မယိမ်းမယိုင်ရပ်တည်၍ လူသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသောလူ့အသိုက်အဝန်းတည်ဆောက်ရေးတို့ကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း မိန့်ကြားချက်ကိုလည်း အလေးအနက်ထားအသိအမှတ်ပြုလေးစားမိရသည်။

မိန့်ခွန်းမြွက်ကြားအပြီးတွင် သမ္မတကြီး၏ အစစ်ဆေးခံယူမည့် စစ်ရေးပြတပ်ဖွဲ့များ အသင့်ဖြစ်ပြီဖြစ်ကြောင်း စစ်ရေးပြမှူးကတန်းအပ်သည်၊ သမ္မတကြီး စစ်ဆေးရာလမ်းကြောင်းတစ်လျှောက်ရှိ စစ်ကြောင်းများက အဖွဲ့လိုက်အလေးပြုကြသည်၊ ဤတွင် သမ္မတရှီကျင့်ဖျင်၏လက်အောက်အပေါ်ထားရှိသော ကြင်နာမှုကိုလက်တွေ့မြင်ရသည်။ စစ်ရေးပြအဖွဲ့တစ်ဖွဲ့ချင်းစီ၏ အလေးပြုနှုတ်ဆက်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် သမ္မတကြီးက "မင်္ဂလာပါရဲဘော်တို့"ဟု နှုတ်ဆက်လျှင် ငယ်သားတို့က "မင်္ဂလာပါ သမ္မတကြီး" ဟုလည်းကောင်း၊ "ရဲဘော်တို့ ပင်ပန်းသွားပြီ"ဟု နှုတ်ဆက်လျှင် ငယ်သားများက "ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်"ဟုလည်းကောင်း အပြန်အလှန် နှုတ်ဆက်ကြသည်။ မိမိတို့နိုင်ငံ၏ အဓိပတိ ခေါင်းဆောင်အပေါ် ယုံကြည်မှုနှင့် လေးစားမှုအပြည့်ရှိသည်။ တက်ကြွမှုအပြည့်ရှိသည်။ ရဲရင့်မှု၊ ဂုဏ်ယူမှုတို့ဖြင့် ပြည့်လျှမ်းနေသည်။ တရုတ်ပြည်သူ့တပ်မတော်ဟူသည် တစ်ခုတည်းသော၊ တစ်စုတည်းသော၊ တစ်သားတည်းကျသော အဖွဲ့အစည်းအဖြစ် ခိုင်မာကျစ်လျစ်၍နေသည့်သရုပ်ကို ပြသနေသည်။ ထိုသည်ကလည်း ကြီးကျယ်ခမ်းနားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထင်ပေါ်စေခဲ့ပေသည်။ ၎င်းတို့၏မျက်နှာတွင် ယုံကြည်မှု၊ ဂုဏ်ယူမှု၊ ဝင့်ကြွားမှု၊ ကြောက်ရွံ့မှုကင်းသော စိတ်ဓာတ်တို့ဖြင့် ဝင်းလက်တောက်ပနေကြသည်၊ တပ်ပေါင်းစုချီတက်ရာ တီယန်အန်မင်ရင်ပြင်သည်လည်း ထုထည်ခိုင်မာသော တရုတ်နိုင်ငံ၏ ထည်ဝါမှုကိုပြဆိုနေသည်။

ခေတ်သစ်ဒစ်ဂျစ်တယ်နည်းပညာများနှင့် စစ်ဘက်နည်းပညာတို့ ပေါင်းစပ်တီထွင်ထားသည့် တင့်ကားများ၊ အမြောက်များ၊ ဝေဟင်၊ မြေပြင်၊ ရေပြင်သုံး ဒရုန်းလက်နက်များ၊ လေယာဉ်များ၊ နျူကလီးယားလက်နက်များနှင့်လေဆာလက်နက်များဖြင့် စစ်ကြောင်းချီတက်၍ ဆင်နွှဲကြသည်။ အစီအစဉ်တကျရေးဆွဲထားသော စစ်ရေးပြအခမ်းအနားကြီးကမူ အခင်းအကျင်းအသစ်တစ်ခုကို ဖော်ညွှန်းပြသနေသည်ဟုပင် ဆိုနိုင်သည်။ ဤသို့ကြီးကျယ်ခမ်းနားသော စစ်ရေးပြအခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အပါအဝင် အခြားသောနိုင်ငံ့ခေါင်းဆောင် ၂၀ ကျော် တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့တပ်မတော် PLA နှင့် တရုတ်နိုင်ငံ၏ ခရီးကား ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်းနှင့်အတူ ကြိုးစားရုန်းကန်ထကြွသည့် အားမာန်သည် မည်သည့်အရာနှင့်မျှ နှိုင်းတု၍ရနိုင်မည်မဟုတ်ပေ။ ဤနေရာတွင် သမ္မတကျန်ဇီမင်း၏ ခေတ်သစ်တရုတ်စစ်ရေးမူဝါဒထုတ်ပြန်ချက်တွင် မိန့်ကြားခဲ့သည့် "အနာဂတ်တွင်ဖြစ်ပွားမည့်စစ်ပွဲများတွင် နည်းပညာမြင့်မားသောစစ်ပွဲ၊ ဘက်စုံစစ်ပွဲ၊ အီလက်ထရောနစ်စစ်ပွဲနှင့် ဒုံးလက်နက်စစ်ပွဲတို့ ပါဝင်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေဖြင့် လက်တွေ့ကျကျ တိုက်ပွဲဝင်အသင့်ဖြစ်စေရမည်"ဟု ဆိုသောစကားကို အမှတ်ရစေမိသည်။ လက်တွေ့တွင်လည်း တရုတ်ပြည်သူ့တပ်မတော် PLA သည် တိုးတက်ပြောင်းလဲလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သမ္မတရှီကျင့်ဖျင်ကလည်း "တပ်မတော်အနေနဲ့ စစ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေးအံ့ဝင်ခွင်ကျဖြစ်မှု အဆုံးအဖြတ်ပေးတဲ့ ပါတီရဲ့အမိန့်တွေကို လိုက်နာဖို့ မဖြစ်မနေလိုအပ်ပါတယ်၊ တိုက်ပွဲအောင်နိုင်စွမ်းရှိမှုဟာ တပ်မတော်အတွက် အရေးကြီးပါတယ်၊ ဒါဟာ တပ်မတော်ရဲ့အခြေခံကျတဲ့ လုပ်ငန်းတာဝန်ဖြစ်သလို တပ်မတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ ရည်မှန်းချက်လည်းဖြစ်တယ်" ဟု ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်တွင်ကျင်းပသည့် (၁၂) ကြိမ်မြောက်

စာမျက်နှာ ၁၂ သို့ ⇨

⇨ **စာမျက်နှာ ၁၁ မှအဆက်**

ပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက် ပထမအစည်းအဝေးတွင် ပြောကြားခဲ့သည်ကို အမှတ်ရနေမိသည်။ ထိုကဲ့သို့ တရုတ်နိုင်ငံ၏နိုင်ငံ့ခေါင်းဆောင်အဆက်ဆက်ကြိုတင်မြော်တွေးတည်ဆောက်ခဲ့ကြသည့် နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်သည် ကောင်းမွန်ပြည့်စုံခဲ့ပေသည်။

ထိုစစ်ရေးပြအခမ်းအနားတွင် ထူးခြားချက်သုံးချက်တွေ့ရှိကြောင်း စာရေးသူထင်မြင်မိသည်၊ ပထမအချက်အနေဖြင့် အနာဂတ်တရုတ်ပြည်သူများသည် ၎င်းတို့၏ဘိုးဘေးများသွေးနှင့် ဖန်တီးထားသည့် အချုပ်အခြာအာဏာကို ထာဝရကာကွယ်ရန် စွမ်းရည်အပြည့်ရှိကြောင်း ကမ္ဘာသို့အသိပေးလိုခြင်း၊ ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေကြောင်း ပြသလိုခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကိုယ်ပိုင်အသွင်ပုံစံဖြင့် ခေတ်မီ၍ အင်အားတောင့်တင်းသောနိုင်ငံတော်တစ်ခုဖြစ်သည်ဟု ကမ္ဘာသို့ပြသလိုခြင်းတို့ပင်ဖြစ်သည်။ ထိုစစ်ရေးပြအခမ်းအနားတွင် အသံထက်မြန်သည့် လက်နက်ဆန်း ပိုင်ဆိုင်ခြင်းကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ကီလိုမီတာ ၂၀၀၀၀ အထိ ရောက်ရှိပျံသန်းနိုင်သော နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်များကိုလည်း အံ့ဩမှင်တက်ဖွယ် ရှုမြင်ကြရသည်။

စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည့် စစ်ရေးပြအစီအစဉ်တွင် စစ်ရေးပြအဖွဲ့ ၄၅ ဖွဲ့ ပါဝင်ခဲ့ကြသည်။ စစ်ရေးပြတွင် ပါဝင်ပြသသည့် လက်နက်နဲ့ ယန္တရားအများစုသည် ပထမဆုံးအကြိမ်အဖြစ် ပြသခြင်းလည်းဖြစ်သည်။ ဤစစ်ရေးပြမှတစ်ဆင့် ခေတ်သစ်တရုတ်ပြည်သူ့တပ်မတော်၏ နိုင်ငံရေးအသွင်အပြင်သစ်၊ တပ်မတော်အင်အားဖွဲ့စည်းပုံအသစ်၊ အခင်းအကျင်းအသစ်၊ ခေတ်မီတိုးတက်မှုအသစ်တို့ကို အပြည့်အဝပြသလိုက်သည်ဟုဆိုနိုင်သည်။ မြူးကြွနေသည့် စစ်တေးသံကြားတွင် တရုတ်ကွန်မြူနစ်ပါတီအလံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံ၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အလံတို့အား အလံတော်အဖွဲ့မှ တလူလူလွင့်ပျံ၍ ချီတက်လာနေကြသည်။ ယင်းအလံသုံးခုက တရုတ်ကွန်မြူနစ်ပါတီ ဦးဆောင်သော ပြည်သူ့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် ထာဝရကာကွယ်စောင့်ရှောက်သူဖြစ်ကြောင်းကို အတိအလင်းဖော်ညွှန်းသည်။ ထိုကဲ့သို့ ချီတက်မှုပြယုဂ်သည်တရုတ်ပြည်သူတို့၏ငြိမ်းချမ်းရေးကိုမြတ်နိုးမှု၊ တရားမျှတခြင်းကို လိုလားမှု၊ သမိုင်း၏မှန်ကန်သည့်ဘက်မှရပ်တည်မှုတို့ကိုဖော်ပြနေပေသည်၊ ရဟတ်ယာဉ် ၂၆ စင်းသည် ဧရာမ ၈၀ ဂဏန်းပုံဖော်လျက် တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းကို ဂုဏ်ပြုထားကြသည်၊ ထိုစဉ်ရဟတ်ယာဉ်သုံးစင်းသည်တီယန်အန်မင်ကောင်းကင်ယံတွင် "တရားမျှတမှု အောင်မြင်ပါ့မည်၊ ငြိမ်းချမ်းရေးအောင်မြင်ပါ့မည်၊ ပြည်သူများအောင်မြင်ပါ့မည်"ဟူသည့် စာတန်းများကို ချိတ်ဆွဲပျံသန်းလာကြသည်။ ချီတက်မှုတွင် ပါဝင်သည့် နိုင်ငံတော်သံစုံတီးဝိုင်းကိုပင် လူအင်အား ၁၃၀၀ ခန့်ဖြင့်ဖွဲ့စည်းထားသည်ကိုမြင်ရသောအခါ လွန်စွာမှ အံ့ဩဘနန်းဖြစ်ရပြန်လေသည်။

ပထမဦးစွာ ခြေလျင်စစ်ရေးပြတပ်ဖွဲ့ ၁၃ ဖွဲ့က ဦးဆောင်ချီတက်လာသည်ကို တွေ့ရှိရသည်။ တိုက်ပွဲများစွာကို တိုက်တိုင်းအောင်နိုင်ခဲ့သည့် ခြေလျင်တပ်ဖွဲ့များသည် ရန်သူများကို ရဲရဲဝံ့ဝံ့ချေမှုန်းကာ စစ်မီးယမ်းငွေ့များကြားတွင် ဖြတ်သန်းလာခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည့် အစဉ်အလာအတိုင်း ခေတ်သစ်တရုတ်တပ်မတော် ကြည်းတပ်သည်လည်း နယ်ပယ်ကဏ္ဍအစုံ၌ စစ်ဆင်ရေးအမာခံတပ်အဖြစ် လျင်မြန်စွာကူးပြောင်းလှုပ်ရှားနိုင်သည့် စွမ်းရည်ရှိကြောင်းကို ဖော်ထုတ်ပြသနေသည်။

ထို့နောက် လှိုင်းလေခွင်း၍ ပင်လယ်ဆင်းကာ ပင်လယ်ပြင်စစ်ဆင်နိုင်စွမ်းကို ဘက်စုံမြှင့်တင်ရင်း ပင်လယ်ပြင်တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်နိုင်သည့် ကမ္ဘာ့ထိပ်တန်းရေတပ်တစ်ခုအဖြစ် မီးမောင်းထိုးချီတက်လာနေသည့် ရေတပ်စစ်ရေးပြတပ်ဖွဲ့၊ ကောင်းကင်ပြာပြာတွင် အိပ်မက်မက်၍





ဝေဟင်ထက်တွင် တိုက်ပွဲဝင်မည့် အသွင်သဏ္ဌာန်ဖြင့် ကနဦးစစ်ပွဲကာလ၏ စစ်မီးလျှံများကြားမှ မွေးဖွားရှင်သန်လာခဲ့သည့် လေတပ်၏စွမ်းရည်များကို ဖော်ထုတ်ပြသမည့်လေတပ်စစ်ရေးပြတပ်ဖွဲ့တို့က ရှေ့နောက်အစဉ်လိုက်ချီတက်ကာ အလေးပြုကြသည်။

လေတပ်ချီတက်မှုနောက်မှာတော့ ဒုံးကျည်တပ်ဖွဲ့၏ ချီတက်လာမှုကို မြင်ရသည်။ ခေတ်သစ်တရုတ်တပ်မတော်သည် သမားရိုးကျနှင့် နျူကလီးယားဒုံးကျည်နှစ်မျိုးစလုံးကိုပိုင်ဆိုင်ထားပြီး နယ်ပယ်စုံခြောက်လှန့်ဟန့်တားနိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက်စစ်အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ရင်း နိုင်ငံတော်လုံခြုံမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံပေးနိုင်ကြောင်းကို ဒုံးကျည်တပ်ဖွဲ့ဖြင့် အသိပေးထားသည်။ ဒုံးကျည်တပ်ဖွဲ့၏နောက်တွင် အာကာသတပ်ဖွဲ့စစ်ရေးပြတပ်ဖွဲ့၊ ဆိုက်ဘာစစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ သတင်းနည်းပညာထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့တို့က အစဉ်လိုက်ချီတက်ရင်း ပထမဆုံးအကြိမ်အဖြစ်ဗိုလ်ရှုသဘင်အခမ်းအနားတွင် အင်အားပြပါဝင်လာသည်ကို တွေ့မြင်ရသည်၊ ယင်းနောက် "ပူးပေါင်းစစ်ဆင်ကဏ္ဍစုံထောက်ကူ"ဟူသည့် ကြွေးကြော်သံအတိုင်း ခေတ်သစ်စစ်ဆင်ရေးတွင် တိကျထိရောက်သောထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိသည့် ပူးတွဲထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ မြို့ပြကျေးရွာမှ ပင်လယ်ကမ်းလွန်အထိ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းရေးနှင့် ပြည်သူလူထုအတွက် ကာကွယ်ပေးနေသည့် သစ္စာရှိသော ရဲတပ်ဖွဲ့စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ လက်ရှိစစ်မှုထမ်းတပ်များနှင့်အတူ ခေတ်သစ်တရုတ်ပြည်သူ့တပ်မတော်၏ တာဝန်ဝတ္တရား များကို ကူမျှထမ်းပိုးပေးလျက်ရှိသည့် အရန်စစ်မှုထမ်းတပ်စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ အရေးပေါ်တိုင်း တိုင်းပြည်အတွက် အသက်မငဲ့ကွက် သယ်ပိုးထမ်းဆောင်ရန် အသင့်ဖြစ်နေကြသည့် ပြည်သူ့စစ် စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှုတို့ကို မျက်ဝါးထင်ထင်တွေ့ရှိရသည့် အခိုက်အင်အားတောင့်တင်းခိုင်မာလှသည့် တရုတ်နိုင်ငံ၏ကာကွယ်ရေးစွမ်းအားစုများကို ဂုဏ်ပြုဂုဏ်ယူမိရပါသည်။

ထူးထူးခြားခြားအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့ တရုတ်အင်အားဖြင့် ပါဝင်စွမ်းဆောင်လျက်ရှိကြောင်းကို ဖော်ညွှန်းပြသည့်ငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှုကိုလည်း ရှုမြင်ရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအနက် ငြိမ်းချမ်းရေးတပ်အင်အား စေလွှတ်မှုအများဆုံးနိုင်ငံဖြစ်ကြောင်းကိုလည်း ဂုဏ်ယူစွာတင်ဆက်သလို ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလှုပ်ရှားမှုများတွင် ၃၅ နှစ်ဆက်တိုက်ပါဝင်ခဲ့သည်ကိုလည်း လေးစားဂုဏ်ယူဖွယ်မှတ်တမ်းပြုခဲ့သည်။

ဆက်လက်၍ ယန္တရားစစ်ရေးပြတပ်ဖွဲ့က စစ်ဆင်ရေးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ချီတက်လာသည်။ ၎င်းနောက် ကုန်းတွင်းစစ်ဆင်ရေးအဖွဲ့ စစ်ရေးပြတပ်ဖွဲ့ လေးဖွဲ့အဖြစ် မြေပြင်ချေမှုန်းရေးစစ်ရေးပြတပ်ဖွဲ့၊ ကုန်းရေနှစ်သွယ်တိုက်ခိုက်ရေး စစ်ရေးပြတပ်ဖွဲ့၊ လေထီးစစ်ရေးပြတပ်ဖွဲ့၊ တာဝေးပစ်အမြောက်စစ်ရေးပြတပ်ဖွဲ့တို့က ပူးပေါင်းချီတက်လာသည်။ ကုန်းတွင်း



စစ်ဆင်ရေးအပြီးတွင် ပင်လယ်ရေကြောင်းစစ်ဆင်ရေးအဖွဲ့ သုံးဖွဲ့က ကပ်လျက်ချီတက်လိုက်ပါလာသည်။ သင်္ဘောတင်ဝေဟင်ကာကွယ်ရေးလက်နက်စစ်ရေးပြတပ်ဖွဲ့၊ သင်္ဘောဖျက်ဒုံးကျည်စစ်ရေးပြတပ်ဖွဲ့နှင့် ရေအောက်လက်နက် စစ်ရေးပြတပ်ဖွဲ့တို့သည် ပင်လယ်ရေကြောင်းစစ်ဆင်ရေးအတွက် ပြည့်စုံလုံလောက်သော စွမ်းအားစုကြီးတစ်ခုအဖြစ်ဖော်ထုတ်ပြလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့နောက် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တိုက်ဖျက်ရေး စစ်ရေးပြတပ်ဖွဲ့ သုံးဖွဲ့အဖြစ် ကြိုတင်သတိပေးတိုင်းတာရေးစစ်ရေးပြတပ်ဖွဲ့၊ ဝေဟင်ပစ်ခုခံတိုက်ဖျက်ရေးစစ်ရေးပြတပ်ဖွဲ့၊ ဒရုန်းတိုက်ဖျက်ရေးလေယာဉ်စစ်ရေးပြတပ်ဖွဲ့တို့က ပူးပေါင်းချီတက်အလေးပြုကြသည်။

ယနေ့ခေတ်သစ်စစ်ပွဲများတွင် စစ်ပွဲအောင်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာစွမ်းအားသည် အဆုံးအဖြတ်ပေးနိုင်သည့် အရေးကြီးသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အသိပေးဖော်ထုတ်သည့်အနေဖြင့် ယခုစစ်ရေးပြအခမ်းအနားတွင် သတင်းအချက်အလက်စစ်ဆင်ရေးအဖွဲ့ စစ်ရေးပြတပ်ဖွဲ့သုံးဖွဲ့ကိုထည့်သွင်းချီတက်စေခဲ့သည်၊ ဆိုက်ဘာကွန်ရက်စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ အီလက်ထရောနစ်ခုခံရေးစစ်ရေးပြတပ်ဖွဲ့၊ သတင်းအချက်အလက်ထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့တို့က ခေတ်သစ်တရုတ်တပ်မတော်၏ ကာကွယ်ရေးစွမ်းပကားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိနေကြောင်း သက်သေပြုလျက်ရှိသည်။

ထို့ပြင် ကုန်းတွင်းမောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ ပင်လယ်ပြင်မောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ လေကြောင်းမောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့တို့ပါဝင်သည့် မောင်းသူမဲ့စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့ သုံးဖွဲ့၏အလိုအလျောက်ပူးပေါင်းစစ်ဆင်နိုင်စွမ်းကို တွေ့မြင်ရမည့် ကြည်း၊ ရေ၊ လေ ပူးပေါင်းဖွဲ့စည်းမှုမျိုးကိုလည်း ရင်သပ်ရှုမောဖွယ်တွေ့မြင်ရသည်။ ၎င်းနောက် ထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် ထောက်ပံ့စစ်ရေးပြတပ်ဖွဲ့နှင့် ယန္တရားထောက်ပံ့ရေးတပ်ဖွဲ့တို့က စစ်မြေပြင်တွင် မဖြစ်မနေလိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုအတွက် အဓိကတပ်ဖွဲ့များဖြစ်ကြောင်းကိုလည်း သိသာထင်ရှားအောင် ချီတက်အလေးပြုစေသည်။

ယင်းနောက် တရုတ်ပြည်သူ့တပ်မတော်၏ ခမ်းနားကြီးကျယ်သော ကာကွယ်ရေးလက်နက်ဆန်းများကို ဖော်ထုတ်ပြသမည့်မဟာဗျူဟာတိုက်ခိုက်ရေးစစ်ရေးပြတပ်ဖွဲ့လေးဖွဲ့က ပူးပေါင်းချီတက်လာသည်။ ခရုစ်ဒုံးကျည်စစ်ရေးပြတပ်ဖွဲ့၊ အသံထက်မြန်သည့်ဒုံးကျည်များသယ်ဆောင်လာသည့် စစ်ရေးပြတပ်ဖွဲ့၊ နျူကလီးယားဒုံးကျည်များသယ်ဆောင်လာသည့် စစ်ရေးပြတပ်ဖွဲ့နှစ်ဖွဲ့တို့က ခေတ်သစ်တရုတ်တပ်မတော်၏ နိုင်ငံတော်လုံခြုံမှုနှင့် ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းမှုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန် တာဝန်အပြည့်၊ တာဝန်အသိဖြင့် စွမ်းစွမ်းတမံထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလိုက်သည့်နှယ် ခံစားရစေသည်။

ရုတ်တရက်ဆိုသလိုပင် တီယန်အန်မင်ရင်ပြင်ရှိ ကောင်းကင်ယံတွင်တိုက်လေယာဉ်တို့သည်လေထုကိုခွင်း၍ ပျံသန်းချီတက်လာသည်ကို မြင်လိုက်ရသည်။ ကြိုတင်သတိပေးထောက်လှမ်းရေးလေယာဉ်၊ တာဝေးပစ်စစ်ဆင်တိုက်ခိုက်ရေးလေယာဉ်၊ရေကြောင်းရန်စစ်ဆင်ရေးလေယာဉ်၊ မဟာဗျူဟာပို့ဆောင်ရေးလေယာဉ်၊ ထောက်ပံ့ရေးလေယာဉ် စသည်ဖြင့် မြောက်မြားလှစွာသော တိုက်ခိုက်ရေးနှင့်ထောက်ပံ့ရေးလေယာဉ်များစွာသည် **စာမျက်နှာ ၁၃ သို့** ⇨

⇨ စာမျက်နှာ ၁၂ မှအဆက်

အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာသော တရုတ်ပြည်သူ့တပ်မတော်၏ လေကြောင်းစစ်ဆင်ရေးစွမ်းအားကို ပြသလိုက်သည်ဟုပင် ဆိုရမည်ဖြစ်သည်။

ထိုနေ့က စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာခေါင်းဆောင်များနှင့်အတူ တရုတ်ပြည်သူများအနေဖြင့် အနီရောင်လွှမ်းသော ကော်ဇောများ၊ တီယန်အန်မင်ရင်ပြင်ရှိ တံတိုင်းကြီး သဖွယ်ထူထဲသော အဆောက်အအုံများသည် ပြည်ပကျူးကျော်ရန်စမှုများကို တွန်းလှန်ရာတွင် တရုတ်နိုင်ငံ၏ ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုတို့ကို ကိုယ်စားပြုနေသည်ဟုလည်း မြင်ယောင်နေမိလိမ့်မည်ထင်ပါသည်။ သမ္မတရှီကျင့်ဖျင်၏မိန့်ခွန်းတွင် “တရုတ်ပြည်ရဲ့ တစ်ဖန်ပြန်လည်နိုးကြားလာမှုကို ရပ်တန့်လို့မရပါဘူး” ဟု မြွက်ကြားခဲ့သည့်စကားက ကမ္ဘာကြီးငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တရုတ်နိုင်ငံ၏ ကတိကဝတ်ဟုပင် ဆိုနိုင်လောက်ပါသည်။

သမ္မတရှီကျင့်ဖျင်၏ မိန့်ခွန်းအရ ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့ရသည်။ ယခု တရုတ်နိုင်ငံတွင် ကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် တရုတ်တို့၏ လွန်ခဲ့သော နှစ် ၈၀ က အောင်ပွဲ၏ အရေးပါမှုကို မီးမောင်းထိုးပြထားပြီး ယခုခေတ်တွင် ပြည်ပကျူးကျော်ရန်စမှုများကို စွမ်းအားပြည့်ရင်ဆိုင်နိုင်သည့် ပထမဆုံးပြီးပြည့်စုံသော အောင်ပွဲဖြစ်သည်ဟုလည်း ဖော်ညွှန်းသက်သေပြုထားသည်။ စစ်ရေးပြတပ်ဖွဲ့များအပြင် နိုင်ငံတော်သံစုံတီးဝိုင်းဖြင့် အားမာန်အပြည့်သီဆိုထားသည့်တေးသီချင်းကလည်းကြားရသူများအဖို့ ကြက်သီးထဖွယ်ဖြစ်သည်။ ရွယ်တူလူငယ်လေးများ၏ ရဲဝံ့မာန်ချီနိုင်ငံတော်သီချင်းသံသည် တီယန်အန်မင်ရင်ပြင်တစ်ခွင်လုံး တုန်ဟည်းလျက်ရှိသည်။ မာန်အပြည့်ဖြင့် ထိုလူငယ်လေးများ၏ အားရှိသောအသံများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနာဂတ်ရောင်ခြည်ကို ထွန်းလင်းလျက်ရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုချင်သည်။ တီယန်အန်မင်ရင်ပြင်တွင် ချီတက်လာသည့် တရုတ်ပြည်သူ့တပ်မတော် PLA ကို ပြည်သူများ၏ ဂုဏ်ပြုသောဆိုင်းဘုတ် ၈၀ သည် ၁၉၃၁ ခုနှစ်တွင်စတင်ခဲ့သော ဖက်ဆစ်ဂျပန်ကျူးကျော်မှုကို ဆန့်ကျင်သည့် ပထမဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ပြသရာလည်းရောက်သည်။

ခေတ်သစ်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများထဲတွင် ပါဝင်လျက်ရှိနေသည်၊ ကမ္ဘာ့နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ထိုကဲ့သို့ ခေတ်စနစ်နည်းပညာဖြင့် တိုးတက်ပြောင်းလဲလာသည့် တရုတ်ပြည်သူ့တပ်မတော်တွင် ခေါင်းဆောင်မှု ကောင်းမွန်မှု အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး စစ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှု၊ တစ်ဦးချင်းလေ့ကျင့်သားပြည့်ဝမှု၊ ရဲဘော်စိတ်ရှိမှုနှင့် နိုင်ငံချစ်စိတ်တို့ကို ဤနှစ်(၈၀)ပြည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းအခမ်းအနားတွင် တွေ့မြင်ရမည်ဖြစ်သည်။

အချုပ်ဆိုရသော် စစ်ရေးပြတစ်ခုတွင် ညီညာမှုသည် အသက်သဖွယ်ဖြစ်သည်။ လူနှစ်ယောက်လမ်းလျှောက်လျှင်တောင် နှစ်ယောက်ညီအောင်လျှောက်ဖို့မလွယ်ကူလှပါ။ ယခုကဲ့သို့ စစ်သည်အင်အား ၁၀၀၀၀ ကျော် ညီညာဖို့ဆိုလျှင် ပိုမလွယ်ကူလှပါ။ သို့သော် ဤသို့ မလွယ်ကူလှသောကိစ္စကို ပါဝင်စစ်ရေးပြကြသော တရုတ်တပ်မတော်က စစ်သား၊ စစ်သမီးတို့သည် နည်းစနစ်တကျ ပြင်းပြင်းထန်ထန်လေ့ကျင့်ထားသည့် လေ့ကျင့်သားပြည့်ဝမှုများနှင့် ညီညာမှုကိုပြသကာ ကမ္ဘာ့နိုင်ငံတိုင်းအတွက် စံပြုစရာစစ်ရေးပြအဖြစ် ပါဝင်ချီတက်ခဲ့ကြသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် ရန်လိုမှုကင်းသော နိုင်ငံချစ်စိတ်တို့ဖြင့် အမိတိုင်းပြည်တရုတ်နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိနေသည်သာမက တရုတ်နိုင်ငံ၏အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာသော ကာကွယ်ရေးစွမ်းပကားသည် ယနေ့ကမ္ဘာ့အခင်းအကျင်းတွင် ဖြစ်ပေါ်နေသည့် ကမ္ဘာ့အင်အားချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်မှုကို ဟန့်တားကာကွယ်နိုင်စွမ်းရှိနေပြီဖြစ်သည်။ ယခုကဲ့သို့ ကာကွယ်ရေးစွမ်းအားကြီးမြင့်လာရခြင်းတွင် တရုတ်ပြည်သူလူထု၏ ရှေးယခင်မိမိတို့ဘိုးဘွားများ၏ ပေးဆပ်စွန့်လွှတ်အနစ်နာခံမှု ကျေးဇူးတရားများကို သိတတ်ခြင်း၊ မိမိနိုင်ငံအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သူအစိုးရနှင့်အတူ တက်ကြွညီညာစွာလိုက်ပါခြင်း၊ တစ်ဦးချင်းစီတိုင်းတွင် နိုင်ငံသားအသိစိတ်ဓာတ်နှင့် စည်းကမ်းပြည့်ဝခြင်းတို့ကြောင့်လည်းပါသည်။

စစ်ရေးပြအခမ်းအနားတွင် ချီတက်လျက်ရှိသည့် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုသည် ဦးလည်မသုန်အားမာန်အပြည့်ဖြင့် အနာဂတ်နိုင်ငံတော်အတွက် ပေးဆပ်နေမည်ဖြစ်ကြောင်း သစ္စာပြုဘိသကဲ့သို့ ရှိသည်၊ ယခုစစ်ရေးပြအခမ်းအနားတွင်ဖော်ထုတ်ပြသခဲ့သည့် ကြီးကျယ်ခမ်းနားသော ကာကွယ်ရေးစွမ်းပကားများက အနာဂတ်ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သူတို့နှင့် တရုတ်နိုင်ငံက လုံးဝအာမခံချက်ပေးထားသည်ကိုလည်း ဖော်ညွှန်းပြသထားသည်။ ဆက်လက်၍လည်း တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူ့တပ်မတော်သည် အတိတ်ကဖြစ်ရပ်ဆိုးများကို သင်ခန်းစာဖော်ထုတ်ပြီး ရှေ့ဆက်ရမည့် အနာဂတ်မျှော်မှန်းချက်၊ ရည်မှန်းချက်ပန်းတိုင်သို့ နှလုံးသွေးများမရပ်တန့်သရွေ့ မမိုတ်မသုန်ချီတက်နေမည်ဖြစ်ကြောင်း ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်းနှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကတစ်ဆင့် ကြွေးကြော်လိုက်သည့် ဥဒါန်းကျူးရင့်သံများသည် ပေကျင်းမြို့ တီယန်အန်မင်ရင်ပြင်မှသည် ကမ္ဘာ့အနှံ့ပျံ့လွှင့်ခဲ့ပြီဖြစ်ပါသတည်း။ ။

# လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့် စာဖတ်ခြင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၀ ရက်တွင် ကျွန်းရောင်းကျေးရွာအုပ်စု လေသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် အသိပညာ ဗဟုသုတနှင့်ပြည့်စုံသည့် လူငယ်များဖြစ်ရန် စာကိုများများဖတ်ရန်လိုကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် စာပေကိုခင်တွယ်တန်ဖိုးထားလေ့လာဖတ်ရှုနေမှသာ ဘက်စုံဖွံ့ဖြိုးပြီး အရည်အချင်းရှိသော လူငယ်မောင်မယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်သက်သက်မဟုတ်ဘဲ ဖတ်သမျှမှတ်၊ မှတ်သမျှကိုပြန်လည်မျှဝေနိုင်လျှင်အကျိုးရှိကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် စာပေကိုခင်တွယ်တန်ဖိုးထားလေ့လာမှတ်သားဖတ်ရှုနေရမည်ဖြစ်ကြောင်း ဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာကြောင်း သိရသည်။

(၄၁၃)



# မြောင်းမြမြို့နယ်၌ မိုးစပါးကေတစ်သိန်းကျော် စိုက်ပျိုးပြီးစီး

မြောင်းမြ စက်တင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ မိုးစပါးစိုက်ပျိုးမှုဧက တစ်သိန်းကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးလျာထားစိုက်ပျိုးဧက ၁၆၅၇၃၈ ကို ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ တွင်မိုးစပါးဧက ၁၆၅၇၃၈ ဧကကိုလည်း အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့သည်။

မြောင်းမြမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးသည့် စပါးမျိုးကွဲများမှာ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ မီးဒုံး၊ နံ့ကား၊ မနောသုခ၊ သီးထပ်ရင်၊ ရောမင်း၊ ဆင်းသုခ၊ ကောက်ညှင်း၊ ဆင်းသွယ်လတ်၊ ဗျော့ထွန်း၊ ရက် ၉၀ စပါးမျိုးများကို စိုက်ပျိုးရေးဦးစီးဌာနမှ သတ်မှတ်လျာထားချက်အလိုက် တောင်သူများက စိုက်ပျိုးခဲ့သည်။

အဆိုပါစိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ တောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ မြောင်းမြမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနတို့ပူးပေါင်း၍ မြောင်းမြမြို့နယ်အတွင်း ဆီထွက်သီးနှံများ၊ ရော်ဘာ၊ ပိုက်ဆန်လျှော်၊ ကော်ဖီနှင့်အခြားသီးနှံများကိုပါ လျာထားချက်အလိုက် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၄၀၇)

# ဝန်းသိုမြို့၌ မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းဖွင့်လှစ်

ဝန်းသို စက်တင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာလ ၁၀ ရက်နံနက်ပိုင်းတွင် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်က သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်နှင့် မြို့နယ်အတွင်း ရွေးကောက်ပွဲပြုလုပ်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက အီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ တပ်ဆင်စစ်ဆေးခြင်း၊ မဲရုံဖွင့်ချိန်တွင် ထိန်းချုပ်စက်ကိုင်တွယ်ခြင်း၊ မဲပေးချိန်တွင် ထိန်းချုပ်စက်ကိုင်တွယ်ခြင်းနှင့်မဲရေတွက်ချိန်တွင် ထိန်းချုပ်စက်ကိုင်တွယ်ခြင်းစသည့်နည်းလမ်းများကို ရှင်းလင်းပြသပြီး သင်တန်းသား၊ သင်တန်းသူများနှင့်အတူ MEVM မဲပေးစက်အား လက်တွေ့တပ်ဆင်အသုံးပြုခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူစုစုပေါင်း ၆၆ ဦးအား သင်တန်းကာလ ၂၇ ရက်ကြာသင်ကြားပေးကြောင်း သိရသည်။

(၄၀၉)

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၁၂-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

**MWD Education, Knowledge & Sports Channel** ၁၂-၉-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade - 9 မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၃၅ | Grade - 9 အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၃၅ - ၁၈:၁၀ | Grade - 9 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

★ စာမျက်နှာ ၁၅ မှအဆက်

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)မိသားစုများ၏တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ ပျဉ်းကတိုး ၆၀၀ ပင်၊ ပိတောက် ၃၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၁၁၃၅၀ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၃၉၀ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၀၀၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၇၉၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၁၅၉၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၄၇ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၅၈၈၁ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၂၀၀ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၁၄၅ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၇၆ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၂၁၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၀၁၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးပွဲအတွေ့အကြုံများအား ပြန်လည်ဝေမျှခြင်းစကားဝိုင်းနှင့် တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တက်ရောက်ခဲ့သည့် နေပြည်တော်လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးပွဲအတွေ့အကြုံပြန်လည်ဝေမျှခြင်း စကားဝိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University (NSPU)၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်အသီးသီးနှင့် အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး Naypyitaw State Polytechnic University (NSPU) မှ ကျောင်းသား၊ ကျောင်းသူများက "လူငယ်စွမ်းရည်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ နေပြည်တော်လူငယ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက လူငယ်ဖိုရမ်အမှတ်တံဆိပ်အားပေးအပ်၍ ဒုတိယဝန်ကြီးက Naypyitaw State Polytechnic University အတွက် အားကစားပစ္စည်းများပေးအပ်လှူဒါန်းရာ ပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က လက်ခံရယူသည်။

ယင်းနောက် ဖိုရမ်တက်ရောက်ခဲ့သည့် အတွေ့အကြုံအား အဖွဲ့ခေါင်းဆောင်က ရှင်းလင်းပြောကြားပြီး ဖိုရမ်အမှတ်တရ Video Clip ကိုပြသသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ သီရိရတနာခန်းမ၌ ကျင်းပသော ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။


ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင်ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်မြတ်ကြီးသို့ သွားရောက်ပြီး စေတီတော်ကြီးပြန်လည်ပြုပြင်နေမှုအခြေအနေများကိုကြည့်ရှုကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသို့သွားရောက်ပြီး လမ်းနယ်ပြင်ပတွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် မြေကွက်လပ်၊ မြေလွတ်/ မြေရိုင်းနေရာများတွင် ၅ ဧက၊ ၁၀ ဧကခန့်ရှိ သစ်တောငယ်များတည်ထောင်နိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန် လျာထားသတ်မှတ်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ဆင်ဖြူကျွန်း | ၃၅°C |
| မြင်းခြံ | ၃၄.၅°C |
| ပခုက္ကူ | ၃၄.၅°C |
| မြင်းမူ | ၃၄.၅°C |
| မြစ်ကြီးနား | ၃၄.၅°C |
| မင်းဘူး | ၃၄.၄°C |
| ညောင်ဦး | ၃၄.၃°C |
| ရမည်းသင်း | ၃၄.၃°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ရွှေကျင် | (၄.၃၃)လက်မ |
| မဒေါက် | (၄.၃၃)လက်မ |
| ရှင် | (၃.၅၈)လက်မ |
| ခန္တီး | (၃.၅၄)လက်မ |
| ညောင်လေးပင် | (၂.၄၈)လက်မ |
| လယ်ဝေး | (၂.၂၄)လက်မ |
| နောင်ချို | (၂.၂၄)လက်မ |
| မချမ်းဘော | (၂.၂၀)လက်မ |
| ဟဲဟိုး | (၂.၁၇)လက်မ |
| ပူတာအို | (၁.၉၇)လက်မ |
| ဟိုင်းကြီးကျွန်း | (၁.၅၀)လက်မ |
| ပိုင်ကျုံ | (၁.၅၀)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၅.၇°C |
| ကလေးဝ | ၃၅.၆°C |
| မကွေး | ၃၅.၃°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၁ |
| ရှမ်း(မြောက်) | ၂၃ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၄ |
| နေပြည်တော် | ၂၄ | ၃၄ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၀ | ၂၉ |
| ပဲခူး | ၂၃ | ၃၁ |
| ရန်ကုန် | ၂၄ | ၂၈ |
| ဧရာဝတီ | ၂၃ | ၃၃ |
| ကယား | ၂၀ | ၃၀ |
| ကရင် | ၂၃ | ၃၂ |
| မွန် | ၂၄ | ၃၁ |
| တနင်္သာရီ | ၂၃ | ၃၁ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

★ စာမျက်နှာ ၁၇ မှအဆက်

အငြိမ်းစားအရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ရောက်ရှိချိန်တွင် ၎င်းတို့ ယခင်က စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်မှုကိုကြည့်ရှု၍ စိတ်ကြည်နူး ချမ်းမြေ့ရသည်ကို မိမိကိုပြောကြားကြ ကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များ သည်လည်း နောင်အခါတွင် ရှင်သန် ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက် ပိုမိုစိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက်အမှတ်တရဖြစ်စေမည်ဖြစ် ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွား ကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိ အနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက် ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှု များမှာ အထိုက်အသင့်ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်း ခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက် မပြတ်ဆောင်ရွက်သွားမည်ဆိုပါက မိမိ တို့၏ဆောင်ရွက်မှုများသည် သားစဉ်မြေး ဆက်အထိ အကျိုးခံစားရမည်ဖြစ်**ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို ကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့် သစ်ပင်များအား တစ်ပင်စိုက်တစ်ပင်ရှင် ဖြစ်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန် နှင့်ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက် ဆောင်ရွက်ရမည့်သူများကလည်း အထူး အလေးအနက်ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာ တန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး ပေးကြသည်။ ဆက်လက်ပြီး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာ အသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြ သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုး နေမှုအား လှည့်လည်ကြည့်ရှုအားပေးကြ သည်။

စာမျက်နှာ ၁၄ သို့ ★



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✯ ရှေ့ဖုံးမှအဆက်

ယနေ့တွင် ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့်မိသားစုဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**❖ သစ်တောသစ်ပင်မျိုးနွယ်စိတ်များသည် လူနှင့်သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလအရင်းအမြစ်လည်းဖြစ် . . .**

**❖ ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ် . . .**

**❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ် . . .**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များနိုးကြားပြီး ထိုအချိန်တွင်တပ်မတော်အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့်သစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ်အတွက် တတိယအကြိမ် စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

သစ်တောသစ်ပင် မျိုးနွယ်စိတ်များသည် လူနှင့်သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့်အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလ



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန်သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အား အရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များနည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများခံစားနေရကြောင်း၊ လူသားများ၏ လုပ်ဆောင်မှုများကြောင့် ရာသီဥတုများ ပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်းအလေ့အထသည် မြန်မာလူမှုပတ်ဝန်းကျင်တွင် **“တစ်သက်ပျော်ချင်သစ်ပင်စိုက်”** ဆိုသည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိကအားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **“ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”**၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့်ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်းလိုလားကြကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပပြီး သစ်ပင်များကိုစိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးခဲ့မှုများကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့သည့် **စာမျက်နှာ ၁၅ သို့** ☆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်မိသားစုများ၏စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးစဉ်။

**❖ ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀ ပင်၊ ပျဉ်းကတိုး ၆၀၀ ပင်၊ ပိတောက် ၃၀၀ ပင်၊ မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ၂၄၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့၊ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ် . . .**

**❖ ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်း သစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့ . . .**



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ်
မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Families of Office of Commander-in-Chief (Army, Navy and Air) holds third monsoon tree-planting ceremony for 2025

## The slogan "Let us protect our environment for the prosperity of the Nation" calls for special attention



Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers an address at the monsoon three-planting ceremony.

NAY PYI TAW September 11

Families of Office of Commander-in-Chief (Army, Navy and Air) and the military command headquarters have been holding large-scale monsoon tree-planting ceremonies since 2011 with the aim of conserving the natural environment, improving the weather conditions, increasing shady areas and supporting the national economy.

At the third monsoon tree-planting ceremony for 2025 of the families of Office of Commander-in-Chief (Army, Navy and Air) held at the venue near Yezin Dam in Zeyathiri Township, Nay Pyi Taw, today, Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing led the ceremony and planted a teak sapling, a precious tree species.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, the Commander-in-Chief (Navy) and wife, senior military officers from the Office of the Commander-in-Chief and wives, union level officials and wives, officer trainees of National Defence College, officers, other ranks and families of branches and departments under the Office of the Commander-in-Chief (Army).



An aerial view of the monsoon three-planting ceremony for 2025 of the families of Office of Commander-in-Chief (Army, Navy and Air).

In his address, the Senior General said the soil becomes well-nourished and full of life during the rainy season, and at that time, the Tatmadaw holds tree-planting ceremonies and grow trees continuously. It is the third tree-planting ceremony of this year. Forest conservation is the principal goal of the tree-planting ceremony, which is also to regenerate the places where trees were lost due to various reasons.

Forests and all tree species serve as the primary source in the food chain for the survival of men and animals. They are also the main driving force behind the improvement of ecosystem for the

See Page - 21►►

# Tatmadaw columns recontrol unit headquarters, military posts around Bhamo and some wards and villages, briefly controlled by KIA, AA and PDF terrorist insurgents

NAY PYI TAW September 11

Beginning 7 March 2024, KIA terrorist insurgents in collaboration with terrorists by the names, AA and PDF, attacked with superior force and briefly controlled area security posts and Dawphoneyan town, Myothit town and Tarhsai village touching China-Myanmar border in the east of Kachin State to control Bhamo-Tarhsai-Myothit -Laizar route, Bhamo-Momauk-Tarhsai-Laizar route, Bhamo-Momauk-Lweje, which are located on the east sector of Ayeyawady River and are important for border trade.

Later, they attacked a single local security battalion in Momauk on 24 April 2024. As the officers, other ranks and spouses of the soldiers of the battalion fought back fiercely, terrorist insurgents, after facing heavy losses, had to retreat to the areas in and around Bhamo on 25 June.



Tatmadaw columns recapture the local battalion HQ in Bhamo, briefly controlled by terrorist insurgents.



Victorious Tatmadawmen seen after recapturing the local battalion HQ in Bhamo.



Tatmadaw columns recapture the local battalion HQ in Bhamo, briefly controlled by terrorist insurgents.



Arms, ammunition and accessories seized from terrorist insurgents.





Arms, ammunition and accessories seized from terrorist insurgents.



The combined group of terrorist insurgents made reinforcements, broke into public homes in Momauk and took away required rations, medicines, made forced recruitments, and attacked the local battalion in Momauk again by using heavy weapon covering fire, drones, drop bombs and huge manpower strength on 24 July 2024. Although security forces defended the battalion with an unyielding spirit and endurance, they had to systematically retreat to Bhamo on 18 August by installing defence positions phase by phase to suffer the least number of casualties, and joined forces with the security forces there.

The Tatmadaw columns made systematic preparations and reformations in Bhamo and launched an offensive campaign against Momauk on 20 August. The combined group of terrorist insurgents suffered heavy losses.

Furthermore, while Tatmadaw columns continue heavy assaults to reclaim the local battalion in Momauk, combined terrorist groups suffering losses have shifted tactics. To cut off and isolate the airfield and battalion headquarters in Bhamo—key sites supplying weapons, ammunition, and rations to Tatmadaw columns advancing on Momauk—they have relied on support from locally embedded PDF terrorists disguised as civilians. Starting from 4 December 2024, terrorists announced plans to seize full control of Bhamo within two months and launched large-scale assaults from both the southern and northern sides of the town, deploying forces at the brigade level. These attacks caused fear and anxiety among some residents of Bhamo, forcing many to flee their homes and seek safety elsewhere.

Combined terrorists which temporarily controlled Mansi with full strength continued their attacks along Mansi-Bhamo route. So, they engaged with local security force members in the south of Bhamo.

In addition, due to the combined terrorists groups cutting and blocking Bhamo's transport routes, the flow of goods in the area was temporarily halted, causing local residents to face food shortages and hardships. To support the livelihood needs of the remaining population, the government and the Tatmadaw transported necessary supplies by large vessels along the Ayeyawady River. However, the combined terrorist groups forcibly occupied some villages along the riverbanks and carried out destructive acts, including harassing and firing at the vessels from a distance and dropping bombs on them using drones.

Security forces from the Tatmadaw headquarters and outposts around Bhamo counterattacked when combined terrorists groups launched large-scale assaults. However, the terrorist groups used civilians as human

See Page - 20 ●●

●● From Page - 19

shields and took cover inside residential homes to carry out their attacks. As a result, the security forces had to exercise special caution and limit their fire in order to avoid civilian casualties and damage to homes. Despite this, the terrorist groups continued to conduct repeated attacks from religious buildings, reinforced concrete multi-storey houses, and hospital and clinic compounds. Consequently, between 25 January and 20 February 2025, security forces at military headquarters, bases, and Bhamo Airport in the north-eastern part of the town carried out successive defensive battles. They then made a temporary, strategic withdrawal to join up with other units, while continuing to resist and counterattack the large-scale assaults of the combied terrorist groups.

Although combined terrorist groups continuously launched attacks with superior power to fully occupy Bhamo, Tatmadaw members, family members and government staff violently defended Bhamo to be fallen under the terrorists during the eight-month period from December 2024 to July 2025. As such, the dream of combined terrorist groups to fully occupy Bhamo had gone with the wind.

Subsequently, in August 2025, Tatmadaw naval vessels carrying reinforcement columns advanced toward Bhamo. Despite encountering multiple difficulties and various blockades by combined terrorist groups—resulting in the loss of two motorboats along the route—they successfully reached their destination. Beginning on 4 August 2025, seven columns advanced in formation. During these operations, one column moved through the Bhamo University area in the northeast of the town to capture the Namhpar village camp, before continuing its advance toward Bhamo. Another column advanced into Naungkho and Minhla wards in the northern part of the town.

Meanwhile, terrorist groups had temporarily occupied four local battalion headquarters, one outpost, and the airport. Three Tatmadaw columns advanced from the east after taking control of Namhpar camp, while one column moved from the captured position toward Bhamo, effectively pressing in from both sides. At the same time, two additional columns advanced into Pansingon, Nyaungbin, Khuntha, and Thazi wards—areas locally referred to as Kachin quarters—where they carried out intensified counteroffensive operations in successive stages.

In carrying out these operations, due to the full support and encouragement of the local people who had temporarily left their homes, the reinforcement of troop strength, the high morale and intense combat motivation of the officers and soldiers, the ability to conduct tactical offensive operations, and the relentless, diligent, and vigorous efforts to defeat the enemy step by step, the areas around Bhamo town, which had been temporarily occupied by terrorist insurgent groups from August 4 to September 11, 2025, including tactical headquarters locations, wards, villages, and outposts, were fully recaptured. The terrorists suffered heavy casualties and are now chaotically retreating and fleeing toward the northeast of Bhamo town and the area of Momauk town, where the main forces are located.

The Tatmadaw columns, disregarding their own lives and fighting fiercely with unwavering determination to prevent Bhamo town from falling into enemy hands and to recapture the tactical headquarters, engaged in 16 major battles and 490 clashes between December 4, 2024, and September 11, 2025. They seized 163 enemy corpses, 178 various weapons, and related equipment. According to separate news sources, due to the fierce counterattacks in these battles, the terrorist insurgent groups suffered approximately 4,616 deaths and around 4,983 injuries. On our side, some officers and soldiers nobly sacrificed their lives for the State and the Tatmadaw.

Due to the heavy casualties suffered by the terrorist insurgents, there have been defections to the Tatmadaw columns along with weapons, ammunition, and related equipment. The Tatmadaw columns will continue to clear the remaining terrorist insurgent groups within Bhamo town. **100**




Tatmadawmen celebrating victory after recapturing the local battalion HQ in Bhamo.



Terrorist insurgents fortified their positions at the religious buildings under construction in wards and villages near Bhamo.





Arms, ammunition and accessories seized from terrorist insurgents.



Arms seized from terrorist insurgents.



Body of a terrorist insurgent.

►► From Page - 18

existence all forms of life. Fastest regeneration of the forested areas that have become vacant is everyone's meritorious duty.

Tree-felling for various purposes is followed by a chain of reactions, global climate change, record high temperatures, severe storms and downpours, from which the world is suffering. As climate change is caused by human action, the onus is on man to conserve and restore it. In this regard, forest plantation, conservation and protection are the basic factors that can prevent natural disasters to a certain degree.

Myanmar society has a saying, **"If you want eternal happiness, grow trees!"** Basically, tree-growing creates a favourable environment. The State Security and Peace Commission has adopted the slogans: **"Let us encourage production for prosperity of the Nation", "Let us ensure education sector for the development of the Nation",** and **"Let us protect our environment for the prosperity of the Nation".** Everyone favours a pleasant nation. The Senior General said the Tatmadaw has been organizing tree-planting ceremonies since 2011, the year in which he started shouldering the duties of the Commander-in-Chief of Defence Services. He said thanks to those ceremonies, the surrounding areas of Yezin Dam have become vibrant and green. The retired senior military officers also feel peace and happiness when they witness that the saplings they had planted in Nay Pyi Taw are now thriving and they had created a lush and green environment. Saplings planted at the ceremony will thrive well in the future and make the land greener and lusher, which will be a memorable event. Hence, tree-growing should be a continuous activity. Growing of trees at every compound, street and ward is the continuous encouragement for everyone given by the Senior General.

Now, it is said that the current state of greenery and pleasantness has reached a considerable level. **If the activities of planting and conserving trees and plants for environmental protection are carried out continuously, the benefits of our efforts will be enjoyed for generations to come.** Since tree planting requires the investment of time, money, and manpower, it should not be done merely out of duty but with genuine dedication. Therefore, it is urged that the trees we plant should be cultivated systematically to ensure each one thrives, and those responsible for their continued care and growth must also emphasize systematic maintenance with great seriousness.



Senior General Min Aung Hlaing converses with a tree-grower.

**The Chairman of the State Security and Peace Commission Commander-in-Chief of Defence Services, and his wife lead the planting of valuable teak trees**

First, the Senior General and his wife led the planting of valuable teak trees. Subsequently, the Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife, the Chief of General Staff (Army, Navy and Air) and his wife, the Commander-in-Chief (Navy) and his wife, senior military officers from the Office of the Commander-in-Chief and their wives, as well as officer and other ranks and families attending the ceremony, planted trees in their designated areas. Afterwards, the Senior General and his wife, along with the entourage, toured and encouraged the collective tree planting efforts of the officer and other ranks and families.

**From 2011 to the Third Tree Planting Ceremony in 2025, a total of 208,425 trees, including valuable trees, perennial crop trees, and shade and windbreak trees, planted in the surroundings of the Yezin Dam**

In today's Third Tree Planting Ceremony organized by the Office of the Commander-in-Chief (Army, Navy and Air) families, a total of 2,400 trees were collectively planted, including 900 teak trees, 600 Pyinkadoe trees, 300 Padauk trees, and 600 Mahogany trees. For environmental and ecosystem conservation around the Yezin Dam, the Office of the Commander-in-Chief (Army, Navy and Air) families have held a total of 44 tree planting festivals from 2011 to the Third Tree Planting Ceremony in 2025, planting a total of 208,425 trees, including valuable trees, perennial crop trees, and shade and windbreak trees.

**The entire Tatmadaw plants 186,312 trees collectively today**

Similarly, in various Regional Command territories, monsoon tree planting ceremonies were held, where valuable trees, industrial raw material crop trees, perennial consumable crop trees, and shade and windbreak trees were collectively planted. Accordingly, 11,350 trees in Nay Pyi Taw Command, 6,390 in Northern Command, 9,009 in Eastern Command, 18,795 in Central East Command, 21,594 in Triangle Region Command, 10,047 in South Eastern Command, 15,881 in Coastal Region Command, 18,200 in Yangon Command, 6,145 in South Western Command, 20,276 in North Western Command, 29,214 in Central Command, and 17,011 in Southern Command were planted by commanders and responsible personnel. Today, the Tatmadaw, including the Office of the Commander-in-Chief (Army, Navy, and Air) family members, various Regional Commands, regiments, and units, collectively planted a total of 186,312 trees. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များခေတ္တစိုးမိုးထားသည့် ဖန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုအား တွေ့ရစဉ်။





■ **ကျောဖုံးမှအဆက်**

အဓမ္မယူဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် လက်နက်ကြီးများ၊ Drone များဖြင့် Drop Bomb များကြဲချ တိုက်ခိုက်ခြင်းနှင့် လူအင်အားအမြောက်အမြားအသုံးပြု၍ မိုးမောက်မြို့ရှိနယ်မြေခံတပ်ရင်းအား ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဆုတ်မနစ်သောစိတ်ဓာတ်များဖြင့် ကြံ့ကြံ့ခံခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏သာလွန်အင်အားအသုံးပြု၍ တိုက်ခိုက်လာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဩဂုတ်လ ၁၈ ရက်တွင် ကြားခံစစ် အဆင့်ဆင့်ဖြင့် ဖန်းမော်မြို့သို့ စနစ်တကျဆုတ်ခွာ၍ ဖန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ရသည်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖန်းမော်မြို့၌ စနစ်တကျပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီးနောက် ဩဂုတ်လ ၂၀ ရက်တွင် မိုးမောက်မြို့အား အင်အားအလုံးအရင်းဖြင့် ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ အထိနာခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် မိုးမောက်မြို့ရှိနယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေး အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိချိန်တွင် အထိနာလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် စစ်မျက်နှာပြောင်းလဲ၍ မိုးမောက်မြို့သို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လက်နက်၊ ခဲယမ်း၊ ရိက္ခာများ အဓိကထောက်ပံ့ပေးလျက်ရှိသည့် ဖန်းမော်မြို့ရှိလေယာဉ်ကွင်း၊ တပ်ရင်းဌာနချုပ်များအား ပိတ်ဆို့ဖြတ်တောက်နိုင်ရေးအတွက် ဖန်းမော်မြို့ဒေသခံပြည်သူလူထုအတွင်း ဒေသခံများအသွင်စိမ့်ဝင်နေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကူအညီများရယူကာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှစ၍ ၂ လအတွင်း ဖန်းမော်မြို့အား အပြီးသိမ်းပိုက်ရန် ကြွေးကြော်လျက် ဖန်းမော်မြို့တွင်းသို့ တောင်ဘက်နှင့်မြောက်ဘက် ၂ ဖက်ညှပ်၍ တပ်မဟာအလိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဖန်းမော်မြို့ရှိပြည်သူလူထုအချို့အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ကြရပြီး နေရပ်စွန့်ခွာထွက်ပြေး၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရသည်။

အလားတူ မံစီမြို့အား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ ခေတ္တစိုးမိုးထားသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်လည်း မံစီ-ဖန်းမော်လမ်းကြောင်းအတိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ရာ ဖန်းမော်မြို့တောင်ဘက်ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ထိတွေ့မှုများဖြစ်ပွားခဲ့သည်။

ထို့အပြင်အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ **စာမျက်နှာ ၂၃ သို့**■



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များခေတ္တစိုးမိုးထားသည့် ဖန်းမော်မြို့လေဆိပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုအား တွေ့ရစဉ်။



တပ်မတော်ရေယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များမှ ဖြတ်တောက်ပစ်ခတ်တိုက်ခိုက်မှုအားတွေ့ရစဉ်။



တပ်မတော်မှရေယာဉ်များအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ပိတ်ဆို့ဖြတ်တောက်မှုများကြားမှ ဖန်းမော်ဆိပ်ကမ်းသို့ ရောက်ရှိမှုအား တွေ့ရစဉ်။






အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဖန်းမော်မြို့အနီးရှိ ရပ်ကွက်၊ ကျေးရွာများမှ ဆောက်လုပ်ဆဲ သာသနိကအဆောက်အအုံများ၊ဒေသခံများ၏နေအိမ်များအတွင်းအခိုင်အမာနေရာ ပြင်ဆင်ထားရှိမှုအားတွေ့ရစဉ်။

■ စာမျက်နှာ ၂၂ မှအဆက်

အနေဖြင့် ဗန်းမော်မြို့၏ဆက်သွယ်ရေးလမ်းကြောင်းများအားဖြတ်တောက်ပိတ်ဆို့ခြင်းများကြောင့် ဒေသတွင်းကုန်စည်စီးဆင်းမှု ခေတ္တရပ်တန့်သွားခဲ့ရသဖြင့် ဒေသအတွင်းကျန်ရှိသည့် ဒေသခံများ၏ စားရေး၌ အခက်အခဲ၊ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အစိုးရနှင့်တပ်မတော်မှ ဒေသခံပြည်သူများ၏ စားသောက်နေထိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောကြီးများဖြင့် လိုအပ်သည့်ထောက်ပံ့ပို့ဆောင်ရေးများဆောင်ရွက်ပေးခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ဧရာဝတီမြစ်ကြောင်းဝဲ/ယာတစ်လျှောက်ရှိကျေးရွာအချို့တွင် အတင်းအဓမ္မခြိမ်းခြောက်ဝင်ရောက်နေရာယူလျက် သင်္ဘောများအား အဝေးမှနှောင့်ယှက်ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb ချတိုက်ခိုက်ခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည်။


ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်အင်အားအလုံးအရင်းဖြင့်ဝင်ရောက်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ပြည်သူလူထုအား လူသားတံတိုင်းသဖွယ် အသုံးပြုတိုက်ခိုက်ခြင်း၊ ပြည်သူလူထုနေအိမ်များအတွင်းဝင်ရောက်၍ အကာအကွယ်ယူတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထုနှင့်၎င်းတို့၏ နေအိမ်အဆောက်အအုံများ ထိခိုက်မှုမရှိစေရေးအတွက် ပစ်ခတ်မှုများကိုကန့်သတ်ချက်များကြားမှ အထူးဂရုပြုဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သာသနိကအဆောက်အအုံများ၊ ပြည်သူလူထု၏ ကွန်ကရစ်အမိုးပါအထပ်မြင့်အဆောက်အအုံများနှင့် ဆေးရုံ၊ ဆေးခန်းနေရာများ၌အခြေပြု၍ တိုက်ခိုက်ခြင်းများ အဆက်မပြတ်လုပ်ဆောင်လာခဲ့သဖြင့် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ တပ်ဌာနချုပ်များ၊ လုံခြုံရေးတပ်စခန်းများနှင့် ဗန်းမော်လေဆိပ်တို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အတွင်း အဆင့်ဆင့်ကြားခံစစ်များရယူကာ ဗန်းမော်မြို့တွင်းရှိ နယ်မြေခံတပ်ဌာနချုပ်နေရာသို့ ဗျူဟာအရ ခေတ္တခွာစစ်ဆင်ပူးပေါင်းခဲ့ပြီး အင်အားအလုံးအရင်းဖြင့် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လာသည့်အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအား ဆက်လက်ခုခံတိုက်ခိုက်ခဲ့သည်။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့အား အလုံးစုံသိမ်းပိုက်ရရှိနိုင်ရေး အင်အားအလုံးအရင်းဖြင့် စဉ်ဆက်မပြတ်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်း/တပ်ဖွဲ့များရှိ အရာရှိ/စစ်သည်၊ မိသားစုဝင်များ၊ အစိုးရဝန်ထမ်းများအနေဖြင့် ဗန်းမော်မြို့အား အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ လက်ဝယ်သို့ အလုံးစုံကျရောက်မှုမရှိစေရေး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအထိ ၈ လတိုင်တိုင် လှေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်စိတ်ဓာတ်တို့ဖြင့် အပြင်းအထန်ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ဗန်းမော်မြို့အား အလုံးစုံရရှိနိုင်ရေး စစ်ရေးအိပ်မက်မှာ ရပ်တန့်သွားခဲ့ရသည်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့်လက်နက်ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

ယင်းနောက် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း အင်အားဖြည့်စစ်ကြောင်းများ လိုက်ပါလာသည့်တပ်မတော်ရေယာဉ်များအနေဖြင့် ဗန်းမော်မြို့သို့ ချီတက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက်တွန်းသင်္ဘော ၂ စင်း ပျက်စီးဆုံးရှုံးရသည်အထိ အခက်အခဲမျိုးစုံနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ဖြတ်တောက်ပိတ်ဆို့မှုမျိုးစုံတို့ကြားမှ အောင်မြင်စွာရောက်ရှိဆိုက်ကပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှစ၍ စစ်ကြောင်း ၇ ကြောင်းဖြင့် စုဖွဲ့ချီတက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိဗန်းမော်တက္ကသိုလ်နေရာမှတစ်ဆင့် နမ့်ဖားကျေးရွာရှိစခန်းအား စစ်ကြောင်းတစ်ကြောင်းဖြင့် ချီတက်သိမ်းပိုက်ခဲ့ပြီး ၎င်းစစ်ကြောင်းသည် ဗန်းမော်မြို့သို့ ဆက်လက်ဦးတည်ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ နောင်ခိုရပ်ကွက်၊ မင်းလှရပ်ကွက်တို့အား စစ်ကြောင်းတစ်ကြောင်းဖြင့်ချီတက်၍ လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ဌာနချုပ် ၄ ခု၊ တပ်စခန်းတစ်ခုနှင့် လေဆိပ်နေရာတို့အား အရှေ့ဘက်မှစစ်ကြောင်း ၃ ကြောင်းနှင့် နမ်းဖားစခန်းအား သိမ်းပိုက်ပြီး ဗန်းမော်မြို့သို့ ဦးတည်လာသည့် စစ်ကြောင်း ၁ ကြောင်းတို့မှနှစ်ဖက်ညှပ်၍ လည်းကောင်း၊ ပင်စင်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ ခွန်သာရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းရှိ ဒေသအခေါ် ကချင်စုနေရာတို့အား စစ်ကြောင်း နှစ်ကြောင်းဖြင့် လည်းကောင်း တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့်၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများ၏အပြည့်အဝအားပေးထောက်ခံမှု၊ တပ်အင်အားဖြည့်တင်းရရှိမှု၊ တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ စစ်နည်းဗျူဟာမြောက်ချီတက်တိုက်ခိုက်နိုင်မှု၊ ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၄ ရက်မှ စက်တင်ဘာလ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်နေရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် စခန်းကုန်းနေရာအသီးသီးတို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ကာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဗန်းမော်မြို့၏ အရှေ့မြောက်ဘက် နှင့် ပင်မတပ်များရှိရာ မိုးမောက်မြို့ဘက်သို့ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးလျက်ရှိသည်။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ရုပ်အလောင်းများအား တွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက ဗန်းမော်မြို့အား ရန်သူ့လက်ဝယ်သို့ ကျရောက်မှုမရှိစေရေးနှင့် တပ်ဌာနချုပ်များအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့သောကြောင့် စစ်ဆင်ရေးကာလ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၆ ကြိမ်၊ ထိတွေ့မှုပေါင်း ၄၉၀ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၆၃ လောင်း၊ လက်နက်မျိုးစုံ ၁၇၈ လက်နှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါ တိုက်ပွဲများတွင် မိမိဘက်မှ ရွပ်ရွပ်ချွံချွံပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် သေဆုံးသူ ၄၆၁၆ ဦးခန့်နှင့် ဒဏ်ရာရရှိသူ ၄၉၈၃ ဦးခန့်ရှိခဲ့ကြောင်း သီးခြားသတင်းရင်းမြစ်များအရသိရှိရပြီး မိမိဘက်မှ အရာရှိ/စစ်သည်အချို့နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အထိအခိုက်အကျအဆုံး များပြားလာသည့်အတွက် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများထံသို့ အလင်းဝင်ရောက်မှုများလည်း ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဗန်းမော်မြို့အတွင်းကျန်ရှိနေသည့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအား ဆက်လက်နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်း၊ အလေးမနှင့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့များလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန နှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ပီတန်းအားကစားလေ့ကျင့်ရေးကွင်း၌ ပီတန်းအားကစားသမားများ၏ တစ်ဦးချင်း(Single Shooting) နှင့် အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ အတွဲလိုက် (Mixed Doubles)နှင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး အတွဲလိုက်



(Mixed Triples) အားကစားနည်းများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဝိတ်တန်းများအလိုက် အတန်းပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် အလေးမလေ့ကျင့်ရေးအားကစားရုံ၌ အလေးမအားကစားသမားများ၏ အမြန်မနှင့် နှစ်ဆင့်မ နည်းစနစ်ပိုင်းဆိုင်ရာ လေ့ကျင့်နေမှု၊ ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၌ ပိုက်ကျော်ခြင်းအားကစားသမားများ၏ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ လေ့ကျင့်နေမှုနှင့် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး မိမိတို့ရရှိထားသည့် စံချိန်၊ စံညွှန်းများ ပိုမိုကောင်းမွန်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း စနစ်တကျ လေ့ကျင့်သွားရန်၊ အုပ်ချုပ်သူနည်းပြများ အနေဖြင့် လေ့ကျင့်မှုများပြုလုပ်ရာတွင် တွေ့ရှိရသည့်အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်၍ ပြုပြင်သင်ကြား လေ့ကျင့်ပေးသွားရန် မှာကြားပြီး အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရွှေကြာပင်အားကစားကွင်းနှင့် ဘောလုံးကွင်း ပြန်လည်ပြုပြင်နေမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ရွှေကြာပင်အားကစားကွင်းဘောလုံးကွင်း ပတ်လမ်း Synthetic ပြေးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးစေရေးဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။


ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မွဲထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများလုပ်ဆောင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၃ ဦးနှင့် တောင်အာဖရိက နိုင်ငံသား သုံးဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၃၆ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးသည်။

ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ First Secretary Mr.Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စိစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီးကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ရေးအစီအစဉ်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲဆိုင်ရာသတင်းထုတ်ပြန်ရေးအစီအစဉ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဦးအောင်လွင်ဦးနှင့်ဦးမြင့်သိန်း၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ (၂) နှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများ၊ပြည်တွင်းမီဒီယာနှင့် ပြည်တွင်းအခြေစိုက်ပြည်ပမီဒီယာအဖွဲ့အစည်းများမှသတင်းသမားများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီဆိုင်ရာများ၊ ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲအားအပိုင်းလိုက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ပြည်တွင်းနှင့်နိုင်ငံတကာရွေးကောက်ပွဲလေ့လာရေးအဖွဲ့များ ဖိတ်ခေါ်ခြင်းဆိုင်ရာကိစ္စရပ်များသတင်းမီဒီယာများသတင်းရယူခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် သတင်းမီဒီယာများက သိရှိလိုသည်များကိုမေးမြန်းကြရာ မေးမြန်းချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကပြန်လည်ဖြေကြားသည်။

အဆိုပါအခမ်းအနားတွင် ပြည်တွင်းမီဒီယာအဖွဲ့အစည်း ၃၀ ဖွဲ့နှင့် ပြည်တွင်းအခြေစိုက်ပြည်ပမီဒီယာအဖွဲ့အစည်းရှစ်ဖွဲ့တို့မှ သတင်းသမားစုစုပေါင်း ၇၈ ဦး တက်ရောက်သတင်းရယူခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၄ ရက်**တွင် မိုးညှင်းမြို့နယ်နှင့် ဟုပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့ သိမ်အင်းရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၃၂)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၆ ရက်**တွင် ဘားအံမြို့၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၉)မျိုး၊ လူသုံးကုန်ပစ္စည်း (၁၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၂၇၇၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head (၁)စီး၊ Cheng Long Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၅၂၇၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာ ၉ ရက်**တွင် ဟိုပုံးမြို့နယ်အတွင်း၌ မော်တော်ယာဉ်(၆)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၃၀)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၄၁၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Van (၂)စီး၊ Nissan UD Truck (၁)စီး၊ Mitsubishi Truck (၁)စီး၊ Mitsubishi FusoTruck(၁)စီး၊ Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈၄၁၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၉ ရက်**တွင် တကောင်းမြို့၊ ရတနာပုံပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာသုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၇ ရက်နှင့် ၈ ရက်**တို့တွင် မင်းဘူးမြို့နယ်နှင့် ကံမမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၈၂၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၄၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်၊ မင်းလှမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် အောင်လံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၇)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်၊ မအူခုံကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်း (၁)လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၂၆၉၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၅၀၉၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင်ဘာလ ၂ ရက်နှင့် ၉ ရက်**တို့တွင် ရွာငံခရိုင်၊ မြို့ကြီးအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း၊ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၂)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း(၆)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၀၇၉၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Mini Bus (၁)စီး၊ Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ် ၌ မော်တော်ယာဉ်(၃)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁၀)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၀၃၅၄၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၂)စီး၊ Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ အမရပူရမြို့နယ်၊ရတနာပုံတံတား(နွားပေါက်) စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၂၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၃၄၇၄၅၈၄၆)**ကို ဖမ်းဆီး ရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ သည်။

ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင် ဘာလ ၆ ရက်** တွင် ပုသိမ်ခရိုင်၊ ငပုတော မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် (၁၃၃ ဒသမ ၃၉၆)တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၉၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **စက်တင် ဘာလ ၉ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း ၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စိုက်ပျိုးရေးသုံးပစ္စည်း (၁) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မူဆယ်မြို့၊ ဆင်ဖြူ စစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်စိမ်း အရိုင်းတုံးနှင့် ကျောက်စိမ်းပုတီးကုံးများ (၃၂၅ ဒသမ ၇၀၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၂၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Mitsubishi Pajero (၁)စီးနှင့် Toyota Crown(၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၂၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

စက်တင်ဘာလ ၂ ရက်မှ ၉ ရက်ထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၄၉၈၃၆၈၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့်တရားဝင်တင်သွင်း သည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်း ခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင် စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ် စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိ သူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မိုင်းခွဲခြင်း၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၁၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီး ဌာနသည် တရားမဝင်သစ်နှင့်သစ်တော ထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီး ရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထု အခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ စက်တင်ဘာလ **၁ ရက်မှ ၇ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရား မဝင် **ကျွန်း (၂၁ ဒသမ ၄၈၀၂) တန်၊ သစ်မာ (၁၃ ဒသမ ၃၀၂၂) တန်၊ အခြား (၂၉ ဒသမ ၁၆၅၀) တန်၊ စုစုပေါင်း (၆၃ ဒသမ ၉၄၇၄) တန်၊ ယာဉ်/ယန္တရား (၉) စီး၊ တရားခံ (၁၆) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်း နှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသိပညာပေးခြင်းနှင့်လက်တွေ့စမ်းသပ်မဲပေး

မော်လမြိုင် စက်တင်ဘာ ၁၁

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမနှင့် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးများ၌ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကို လွင်၊ မွန်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှရဲတပ်ဖွဲ့ဝင် များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားများတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကိုကို လွင်က မြန်မာအီလက်ထရောနစ်မဲပေး စက်(MEVM)ဆိုင်ရာအချက်အလက်များ နှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူး များ၊ မွန်ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူးနှင့် မော်လမြိုင်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်း ရေးမှူးတို့က မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဖြစ်ပေါ်လာပုံ၊ အသုံးပြုပုံ နည်းစနစ်များကိုရှင်းလင်းပြောကြားကြပြီး ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း များက မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ် မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့်မဲပုံးအတွင်းရှိမဲလက်မှတ် များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်၊ မမှန် စိစစ်ခြင်းစသည့် မဲပေးပုံအဆင့်ဆင့် လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ စည်သူ(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ် နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာ သွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ် ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့် အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက် မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင် သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီ ဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၉ မီလီ မီတာ မှ ၂၈ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၉ မီလီမီတာမှ ၃၈ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၃၉ မီလီမီတာမှ ၄၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့ တွင် (ခြောက်သွေ့) အခြေအနေ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင် ပြည် နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

**အမည်ပြောင်း**
ပဲခူးမြို့၊ မဟာပဒုမာကကျောင်း၊ Grade-3 မှ ဦးရန်နိုင်ဖြိုးဝေ၏သား မောင်သုတညာဏ် အား မောင်ဖွဲ့စစ်ညာဏ်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဖွဲ့စစ်ညာဏ်လင်း

**ပျောက်ဆုံးကြောင်း**
ယဉ်မြတ်သူ(ဘ)ဦးကျော်စွာဦး ၁၂/ဗဟန(နိုင်)၁၀၆၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MF 324816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၇၁၀၇၅၇၁၃

**ပျောက်ဆုံးကြောင်း**
ဝေမွန်(ဘ)ဦးသိန်းဝင်း ၇/ကဝန(နိုင်) ၂၁၄၉၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၈၃၂၇

**ပျောက်ဆုံးကြောင်း**
အင်န္တရာဂျီသ်(ဘ)ဦးနန်ဒါလာသ် ၇/ကတခ(ပြု)၀၁၆၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၁၃၃၂၅၉၅

**ပျောက်ဆုံးကြောင်း**
ဝင်းရွှေရည်(ဘ)ဦးသန်းငွေ ၁၄/ကကထ (နိုင်)၂၀၇၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဒေါ်ပန်ထန်း(ဘ)ဦးထန်းနိုင် ၄/ကပလ(နိုင်) ၀၀၄၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
ခင်ဝင်းလှဲဖြူ(ဘ)ဦးခင်မောင်ဝင်း ၁၃/ရစန (နိုင်)၀၄၂၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၅၆၆၂၃၄

**ပျောက်ဆုံးကြောင်း**
ဆုလာဘ်ရတနာ(ဘ)ဦးမြတ်စံဦး ၁၂/ဥကတ (နိုင်)၁၉၂၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၃၁၇၄၂၁

**ပျောက်ဆုံးကြောင်း**
ဖြိုးဝေအောင်(ဘ)ဦးဖိုးတော ၇/မညန(နိုင်) ၀၈၁၄၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၈၃၂၆၄၀၃

**ပျောက်ဆုံးကြောင်း**
စန်းတင်(ခ)အိုအိုး(ဘ)ဦးပန်းငါး ၇/ဖမန(နိုင်) ၀၉၈၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၅၆၁၉၉၅၅

**ပျောက်ဆုံးကြောင်း**
ခင်စော(ဘ)ဦးစောညွန့်အောင် ၁၁/ရဗန (နိုင်)၀၃၈၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၁၃၈၃၀၇

**ပျောက်ဆုံးကြောင်း**
မာမာလွင်(ဘ)ဦးဆော်လီမူလာ ၁၂/မဂတ (နိုင်)၀၉၁၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၅၈၃၄၆

**ပျောက်ဆုံးကြောင်း**
စောထူး(ဘ)ဦးလှမောင် ၁၄/လမန(နိုင်) ၀၅၀၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၆၈၅၃၂၆

**ပျောက်ဆုံးကြောင်း**
စိုးမင်းဦး(ဘ)ဦးလှဦး ၁၂/အစန(နိုင်) ၂၀၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၂၁၃၉၇၆

**ပျောက်ဆုံးကြောင်း**
ဇင်မာဝင်း(ဘ)ဦးစောမင်း ၅/ဒပယ(နိုင်) ၁၄၇၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၀၉၆၅၃၀

**ပျောက်ဆုံးကြောင်း**
သန့်မွန်ဦး(ဘ)ဦးနေရှူး ၉/တသန(နိုင်) ၂၃၇၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၇၆၄၄၆၄

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်၊ ညောင်တပင်ရွာနေ မြင့်ကို(ဘ)ဦးထွန်းငွေ ၇/ကဝန(နိုင်) ၁၂၀၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၃၁၁၂၆၀

**ပျောက်ဆုံးကြောင်း**
အိအိဝင်း(ဘ)ဦးဝင်းကြိုင် ၉/မထလ(နိုင်) ၃၃၈၆၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်ဆက်ပိုင်(ဘ)ဦးညွန့်ဝင်း ၈/ရစက (နိုင်)၁၉၃၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သွယ်လှလှဖြိုး(ဘ)ဦးသိန်းမြင့် ၁၂/တမန (နိုင်)၀၉၈၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အိမာစိုး(ဘ)ဦးအောင်ဌေး ၁၂/ဒဂတ(နိုင်) ၁၁၀၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဝင်းမြင့်(ဘ)ဦးထွန်းကြည် ၁၂/ရကန(နိုင်)၀၁၀၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၀၆၃၆၉၅၀

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**





## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.လ.က(ခွဲ)၊ အ.မ.က(၆)မှ အလယ်တန်းပြဆရာမ ဒေါ်သိမ့်သိမ့် ၁၃/နမတ(နိုင်)ဝ၄၆၄၁၈ ၏ဖခင် ဦးသာဟံ(ခ)ဦးသာဟန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးသာဟံ(ခ)ဦးသာဟန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.လ.က(ခွဲ)၊ အ.မ.က(၆)မှ အလယ်တန်းပြဆရာမ ဒေါ်နန်းသော်တာအေး ၁၃/လရန(နိုင်)၁၂၆၆၈၂ ၏ဖခင် ဦးအုန်းသောင်း(ခ)ဦးအုန်းထောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုန်းသောင်း(ခ)ဦးအုန်းထောင်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့သစ်(၁)နေ ဦးဝမ်ချောက်ဂျီ၏သား ဝမ်ဖာယုံ(ခ)ကျော်လှ ၁၃/ကခန(နိုင်)ဝ၁ဝ၃၉၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဝမ်ဖာယုံ(ခ)ကျော်လှ

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အ.လ.က(၃)မှ အလယ်တန်းပြဆရာမ အဘ ဦးဆန်ခမ်း၏သမီး ဒေါ်နန်းခမ်းလှ ၁၃/လရန(နိုင်)ဝ၃၅၂၄ နှင့် ဒေါ်အေးနန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နန်းခမ်းလှ(ခ)ဒေါ်အေးနန်း

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ "NINE SEAS TRAVELS & TOURS COMPANY LIMITED." အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

"NINE SEAS TRAVELS & TOURS COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အခန်း(၂၀၆)၊ ဗဟိုတာဝါ၊ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့်၊ အမှတ်(၇၉/၈၀)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ "NINE SEAS CONSTRUCTION COMPANY LIMITED." အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

"NINE SEAS CONSTRUCTION COMPANY LIMITED." ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အခန်း(၂၀၆)၊ ဗဟိုတာဝါ၊ အနော်ရထာလမ်းနှင့် (၃၉)လမ်းထောင့်၊ အမှတ်(၇၉/၈၀)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကညော်ကျေးရွာနေ သင်းရန့်မွှေး(ဘ) ဦးမြင့်စိုး ၁၀/ခဆန(နိုင်)၁၄၇၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 251224)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၃၄၉၅၁

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ လမ်း(၄၀) အမှတ်(၁၄၁၈)နေ ဟန်နီချို(ဘ)ဦးလှသန်း ၁၂/ဥကတ(နိုင်)၁၅၉၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ (ရှေ့)ကျောက်တံခါးမြို့နယ်၊ အ.ထ.က စိုက်၊ စက်၊ မွေး ပဲနွယ်ကုန်း Grade-12(D) မှ မဆုလဲ့ထွန်း၏ဖခင်အမည်မှန်မှာ ဦးမင်းကျော်ဦး ၇/ကတခ(နိုင်)၁၁၄၉၉၁ ဖြစ်ပါကြောင်း။ ဦးမင်းကျော်ဦး

## မိခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အ.ထ.က(ခွဲ)အောင်သာ Grade-12 မှ မမိုးမိုးဆွေ၏မိခင်အမည်မှန်မှာ ဒေါ်ခင်မျိုးလွင် ၅/ကဘလ(နိုင်)၁၇၆၄၀၈ ဖြစ်ပါကြောင်း။

ဒေါ်ခင်မျိုးလွင်

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီးနေ မောင်နေလင်းမောင်(ဘ)ဦးမင်းဇော် ၉/တသန(နိုင်)၁၉၁၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 916514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

## မွေးသက္ကရာဇ်အမှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင်ပညာသင်ကြားနေသော အဘ ဦးအောင်လွင် ၉/လဝန(နိုင်)ဝဝ၄၇၅၀ ၏သား မောင်နေဝင်းအောင်၏မွေးသက္ကရာဇ်အမှန်မှာ ၁၀-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။ ၁၀-၁၀-၂၀၀၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘီးလင်းမြို့၊ အထက(ဘီးလင်း)ကျောင်း၊ Grade-12 မှ စောဟေ့ဘလူထူး၏ ဖခင် စောအောင်မြိုင် ၃/ဖပန(နိုင်)၀၁၉၀၅၅ နှင့် ဦးနိုင်ထူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

စောအောင်မြိုင်(ခ)ဦးနိုင်ထူး

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ၂၈ ဆူလမ်းနေ မအေးအေးမော်(ဘ)ဦးအေးဖေ ၁၄/ပသန(နိုင်)ဝဝ၈၄၉ဝ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့နယ်၊ ဒေါ်ငြိမ်းအခြေခံအထက်တန်းကျောင်း၊ Grade-12 အခန်း(A)တွင် ပညာသင်ကြားနေသော မသဉ္ဇာအောင်၏ဖခင်အမည်မှန်မှာ ၁၄/အမတ(နိုင်)ဝ၁၄ဝ၄၁ ကိုင်ဆောင်သူ ဦးစောထွဋ် ဖြစ်ပါကြောင်း။ ဦးစောထွဋ်

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ဘယကျော်ထင်ရပ်ကွက်နေ အေးပြည့်ဖြိုး(ဘ)ဦးစိုင်းကိုကို ၉/ပဥလ(နိုင်)ဝ၂၅၇၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၃၅၂၅၁၆


## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတား သံမဏိဆိုင်းကြိုးများတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လကုန်တွင် တပ်ဆင်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ရေလယ်ပင်မတံတားသံမဏိဆိုင်းကြိုးများတပ်ဆင်ခြင်းလုပ်ငန်းတွင်အသုံးပြုခဲ့သော Form Traveler ကိုပြန်လည်ဖြုတ်သိမ်းခြင်းလုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ တံတားတိုင်ခြေများ၏ မြစ်ညာနှင့် မြစ်ခြေ ၂ ဖက်၊ ကမ်းနှစ်ဖက်လုံးတွင် Radar Reflector တပ်ဆင်ထားသော မီးအချက်ပြ Buoy များကို ရေဒါစနစ်ဖြင့် အလွယ်တကူဖမ်းယူရရှိနိုင်ပြီး ဘေးအန္တရာယ်ကင်းစွာဖြတ်သန်းဝင်ရောက်နိုင်ရန်အတွက် အောက်ပါ Coordinate များအတိုင်း ချထားပေးပြီးဖြစ်ပါသည် -

G 1 - 16 Deg, 46.28 Min (N)
096 Deg, 08.54 Min (E)
R 1 - 16 Deg, 46.115 Min (N)
096 Deg, 08.485 Min (E)
G 2 - 16 Deg, 46.27 Min (N)
096 Deg, 08.60 Min (E)
R 2 - 16 Deg, 46.10 Min (N)
096 Deg, 08.55 Min (E)
G 3 - 16 Deg, 46.235 Min (N)
096 Deg, 08.74 Min (E)
R 3 - 16 Deg, 46.07 Min (N)
096 Deg, 08.70 Min (E)
G 4 - 16 Deg, 46.232 Min (N)
096 Deg, 08.805 Min (E)
R 4 - 16 Deg, 46.06 Min (N)
096 Deg, 08.77 Min (E)




၄။ သို့ဖြစ်ပါ၍ မြန်မာ-ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတားမှ Form Traveler ဖြုတ်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီမှ ၁၈ ရက်နေ့ နံနက် ၀၈:၀၀ နာရီအထိလည်းကောင်း၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက် ၀၈:၀၀ နာရီမှ ၂၀ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီအထိလည်းကောင်း၊ အပိုဒ် ၃ ပါဧရိယာအတွင်း မည်သည့်ရေယာဉ်မျှ ဖြတ်သန်းခုတ်မောင်းသွားလာခြင်းမပြုကြရန်အတွက် ရေကြောင်းသတိပေးချက် (Notice To Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ပျောက်ဆုံးကြောင်း

စောမင်းဟန်(ဘ)ဦးသောင်းရွှေ ၁၂/အစန(နိုင်)ဝ၂၉၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## မိဘအမည်မှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်နေဝင်းအောင်၏ မိဘအမည်မှန်မှာ ဦးအောင်လွင် ၉/လဝန(နိုင်)ဝဝ၄၇၅၀ နှင့် ဒေါ်စောမျိုးအေး ၉/ပမန(နိုင်)၁၇၂၂၆၁ ဖြစ်ပါကြောင်း။

ဦးအောင်လွင်-ဒေါ်စောမျိုးအေး

## ပျောက်ဆုံးကြောင်း

အင်းစိန်မြို့နယ်၊ ကျောင်းကုန်း-၂၊ စူဠာမဏိလမ်း၊ မ/၁၁၄၉နေ မန္တေးအိအိလွင်(ဘ)ဦးလှမြင့်ဦး ၁၂/အစန(နိုင်) ၁၉၄၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

လမ်းမတော်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၉၀)နေ နှင်းရီ(ဘ)ဦးလျောင်ဒီဟွမ်(ခ)မြင့်မောင် ၁၂/လမတ(ဧည့်)ဝဝဝ၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၉၀၁၁၁၂

## ပျောက်ဆုံးကြောင်း

ကြည်ကြည်ဌေး(ဘ)ဦးကျော်ဝင်း ၁၁/မဥန(နိုင်)၁၆၈၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## မိဘအမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့ရှောင်လမ်းသွယ်၊ လှိုင်ရပ်ကွက်၊ မြသီတာရပ်၊ အမှတ်(၃၈)နေ ဦးရဲနိုင်ထွန်း ၁၀/မလမ(နိုင်) ၂၂၀ ၈၄၇ ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေသန်းခေါင်စာရင်းအရ အဘ ဦးသန်းထွန်း-အမိ ဒေါ်ညွန့် ဖြစ်ပါကြောင်း။ ဦးသန်းထွန်း-ဒေါ်ညွန့်

## ဖခင်အမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ရွှေလေ့)ကျောင်း၊ Grade-11 မှ မောင်အောင်မြတ်သူနှင့် Grade-7 မှ မောင်ကြယ်စင်ထွေးတို့၏ဖခင်အမည်မှန်မှာ ဦးစောမြစိန် ၃/ဖပန(နိုင်)ဝ၁၈၇၂၃ ဖြစ်ပါကြောင်း။

ဦးစောမြစိန်

## ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ စစ်မှုထမ်းဟောင်း၊ အောင်သိဒ္ဓိထိုင်တော်မူကျောင်းနေ အရှင်ဇေယျသိဒ္ဓိ(ဘ)ဦးမြင့်အောင် ၃/မဝတ(သ)ဝဝဝ၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၈၅၅၅၀၃

## ပျောက်ဆုံးကြောင်း

အေးအေးရင်(ဘ)ဦးမိုးရွှေ ၁၂/တတန(နိုင်) ၁၉၉၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 628491)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီးနေ ကောင်းထက်ဦး(ဘ)ဦးအောင်ကြည် ၅/စကန(နိုင်)၂၅၉၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 901891)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၇၃၁၈၆၉

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ မြို့ပတ်လမ်းနေ မြင့်ဇော်(ဘ)ဦးတင်သောင်း ၈/သရန(နိုင်)၁၁၇၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၀၇၇၃၈၉

## ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ဦးခွန်းအောင်(ဘ)ဦးဒိန်ခရိုင်ဂွမ်ရတ်နော်၁/မကန(နိုင်)၁၅၄၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၃၂၉၆၅၉

# ရှန်းရှန်လုံခြုံရေးဖိုရမ်သို့ နိုင်ငံ ၁၀၀ ကျော်မှ ကာကွယ်ရေး တာဝန်ရှိသူများ တက်ရောက်မည်

ပေကျင်း၊ ချစ်ကြည်ရေး

တရုတ်နိုင်ငံပေကျင်းမြို့၌ လာမည့်သီတင်းပတ်တွင်ကျင်းပမည့် ရှန်းရှန်လုံခြုံရေးဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးတာဝန်ရှိသူများတက်ရောက်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါလုံခြုံရေးဖိုရမ်သည် တရုတ်နိုင်ငံကလက်ခံကျင်းပသည့်အကြီးဆုံးသော လုံခြုံရေးဆိုင်ရာအစည်းအဝေးတစ်ခုဖြစ်လာမည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များသာမက နိုင်ငံတကာနှင့်ဒေသတွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကပါ ထိုအစည်းအဝေးသို့တက်ရောက်ခြင်းသည် ရှန်းရှန်လုံခြုံရေးဖိုရမ်၏ သက်ဆိုင်သူအားလုံးပါဝင်မှုနှင့် ထိုသို့ပါဝင်ရန် လမ်းဖွင့်ပေးထားမှုအခြေအနေကိုထင်ဟပ်စေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာလ ၁၀ ရက်တွင်ပြောသည်။

အဆိုပါဖိုရမ်ကို စက်တင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ တရုတ်အမျိုးသားကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထိုဖိုရမ်သို့တက်ရန်စာရင်းပေးထားသူ ၁၈၀၀ ဝန်းကျင်ရှိကြောင်း၊ ၎င်းတို့တွင် ကိုယ်စားလှယ်များ၊ လေ့လာသူများနှင့် သတင်းထောက်များပါဝင်ကြောင်း China Military Online သတင်းဌာနက စက်တင်ဘာလ ၁၁ ရက်တွင်ဖော်ပြထားသည်။

Ref: SCMP

# ပင်လယ်ရေမြင့်တက်လာမှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ပူဂတ်ကျွန်းစု ရေအောက်နစ်မြုပ်ရတော့မည့်အခြေအနေနှင့်ရင်ဆိုင်နေရ



ဘူလာကန်၊ သဘာဝဘေး

ဖိလစ်ပိုင်နိုင်ငံရှိ ကမ်းရိုးတန်းပြည်နယ်တစ်ခုဖြစ်သည့် ဘူလာကန်မြို့ရှိပူဂတ်ကျွန်းသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ရေအောက်နစ်မြုပ်ရတော့မည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ ဒေသအများအပြားသည် တစ်နှစ်အတွင်းမှာပင်ရေအောက်သို့ ၁၁ စင်တီမီတာရောက်ရှိသွားပြီဖြစ်ကြောင်း၊ အဆိုပါပမာဏသည် ဖိလစ်ပိုင်နိုင်ငံ၌ အမြန်ဆုံးဖြစ်ကြောင်း ဘူမိဗေဒပညာရှင် မဟာလက်ဂမေး ဦးဆောင်သောသုတေသနပညာရှင်အဖွဲ့ကထုတ်ပြန်ထားသည်။

ယခုကဲ့သို့ဖြစ်ပေါ်မှုကို တဖြည်းဖြည်းမြေကျွံနစ်မြုပ်ခြင်းဟုခေါ်ပြီး ယင်းသို့ဖြစ်ရခြင်းသည် မြေအောက်ရေများကို အလွန်အကျွံရယူသုံးစွဲခြင်းနှင့် ကမ္ဘာကြီးပူနွေးမှုကြောင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့နှင့်ဆက်စပ်နေကြောင်း ပညာရှင်များကပြောသည်။

ပူဂတ်ကျွန်းရှိ လမ်းများသည် သီတင်းပတ်တစ်ပတ်လျှင် အနည်းဆုံးသုံးကြိမ်အထိရေလွှမ်းမိုးခံရကြောင်း၊ ပူဂတ်ကျွန်း၌နေထိုင်သူများ၏နေ့စဉ်ဘဝများသည် ပင်လယ်၏စေစားမှုအတိုင်းလိုက်ပါလုပ်ဆောင်နေရကြောင်း၊ စာသင်ကျောင်းများကိုလည်း ပင်လယ်ရေအတက်အကျပေါ်မူတည်၍ အချိန်ဇယားရေးဆွဲဖွင့်လှစ်ပေးနေရကြောင်း တာဝန်ရှိသူများကပြောထားသည်။

ထို့ပြင် ပူဂတ်ကျွန်း၌နေထိုင်နေသူများသည် ၎င်းတို့၏နေအိမ်များကို ခြေတံရှည်အိမ်များအဖြစ်ဆောက်လုပ်နေထိုင်လျက်ရှိသော်လည်း အဆိုပါခြေတံရှည်ကိုပင် နှစ်စဉ်မြှင့်တင်ပေးနေရကြောင်း ဒေသခံပြည်သူများကပြောသည်။

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ကမ္ဘာ့ပျမ်းမျှအနေအထားနှင့်နှိုင်းယှဉ်ပါက သုံးဆပိုမိုမြန်ဆန်စွာမြင့်တက်လာနေသည်ကိုတွေ့ရသည်။ တစ်ကမ္ဘာလုံးပျမ်းမျှအနေအထား၌ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုက တစ်နှစ်လျှင် ၃ ဒသမ ၆ မီလီမီတာသာရှိသည်။ အလားတူ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကို မူလအခြေအနေအတိုင်း ထိန်းချုပ်နိုင်ရန်မဖြစ်နိုင်တော့ကြောင်း သိရသည်။

Ref: BP

# ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးကို တားမြစ်နေသည်မှာ နယ်မြေပိုင်ဆိုင်မှုနှင့် လုံခြုံရေးအာမခံချက် ဖြစ်ဟုဆို

ဝါရှင်တန်၊ ငြိမ်းချမ်းရေး

ရုရှား-ယူကရိန်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများလုပ်ရာတွင် အောင်မြင်မှုမရအောင်တားမြစ်နေသည့်အရာနှစ်ခုရှိကြောင်း၊ ထိုအရာများမှာ နယ်မြေပိုင်ဆိုင်မှုနှင့် လုံခြုံရေးအာမခံချက်တို့ဖြစ်ကြောင်း အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်ကပြောသည်။

ရုရှားနှင့်ယူကရိန်းတို့ကြား ဆွေးနွေးမှုများလုပ်နိုင်ရေးအတွက် ရုရှားနိုင်ငံဘက်ကတောင်းဆိုနေသည်မှာ ၎င်းတို့ရရှိထားသည့် နယ်မြေများဖြစ်ကြောင်း၊ အလားတူ ယူကရိန်းဘက်ကလည်း ဥရောပနိုင်ငံများသို့မဟုတ် အခြားသောနိုင်ငံများမှ လုံခြုံရေးအာမခံချက်ဖြစ်ကြောင်း ဂျေဒီဗန့်က အင်တာဗျူးတစ်ခုတွင်ပြောထားခြင်းဖြစ်သည်။

ယူကရိန်းငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုများလုပ်ဆောင်လျက်ရှိရာ မထင်မှတ်ထားသည့်တိုးတက်မှုများရရှိလျက်ရှိကြောင်း၊ သို့သော် ရုရှားနှင့်ယူကရိန်းတို့ဘက်က အဓိကတောင်းဆိုချက်များရှိနေကြောင်း၊ သို့တိုင်အောင် အမေရိကန်က ရုရှားနှင့်ယူကရိန်းတို့ကြား ငြိမ်းချမ်းရေးရရှိစေရန် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ဂျေဒီဗန့်က ပြောထားသည်ဟု သိရသည်။

Ref: RT

# နီပေါနိုင်ငံ၌ ဆူပူဆန္ဒပြမှုများအတွင်း ထောင်ဖောက်မှုများဖြစ်ပွား အကျဉ်းသား ၂၀၀ နီးပါးကို ပြန်လည်ဖမ်းဆီးရမိ

ခတ္တမန္ဒူ၊ ပြည်တွင်းရေး

နီပေါနိုင်ငံ၌ ဆူပူဆန္ဒပြမှုများဖြစ်ပွားနေစဉ်အတွင်း ထောင်ဖောက်ပြေးမှုများဖြစ်ပွားရာ အကျဉ်းသား ၂၀၀ နီးပါးကို ပြန်လည်ဖမ်းဆီးရမိထားပြီဖြစ်ကြောင်း နီပေါတပ်မတော်က စက်တင်ဘာလ ၁၁ ရက်တွင်ပြောသည်။

နိုင်ငံအတွင်းဖြစ်ပွားသည့် ဆူပူအုံကြွမှုများအတွင်း နိုင်ငံတစ်ဝန်းလုံးရှိအကျဉ်းထောင်များမှ အကျဉ်းသား ၁၃၅၀၀ ခန့် ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိုအခြေအနေကို ပြန်လည်ထိန်းသိမ်းနိုင်ရန် ကြိုးပမ်းနေရကြောင်း ရဲတပ်ဖွဲ့ကပြောသည်။



တပ်မတော်က ပြန်လည်ဖမ်းဆီးရမိသည့် အကျဉ်းသား ၁၉၂ ဦးရှိကြောင်း၊ ထိုအကျဉ်းသားများသည် နိုင်ငံအရှေ့တောင်ပိုင်းရှိ ရက်ဘီရက်အကျဉ်းထောင်မှ ထွက်ပြေးသွားသူများဖြစ်ကြောင်း၊ ခတ္တမန္ဒူမြို့အရှေ့ပိုင်းရှိ ရာမီချပ်အကျဉ်းထောင်တွင် တပ်မတော်မှတာဝန်ရှိသူများက အချုပ်သားများကိုထိန်းသိမ်းရန် ပစ်ခတ်မှုများလုပ်ရကြောင်း၊ ထိုသို့ပစ်ခတ်ရမှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိကြောင်း၊ အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လုယက်ခံလိုက်ရသော သေနတ်အလက် ၁၀၀ နီးပါးကို ပြန်လည်သိမ်းဆည်းထားနိုင်ကြောင်းတပ်မတော်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နီပေါနိုင်ငံ၌ ဆန္ဒပြမှုများမှသည် ဆူပူအကြမ်းဖက်မှုအထိဖြစ်ပွားလာသောကြောင့် လွှတ်တော်ရုံး၊ အစိုးရရုံးများ၊ သမ္မတရုံးတို့အပြင် အဆောက်အအုံများစွာ မီးရှို့ဖျက်ဆီးခံထားရကြောင်း သိရသည်။

Ref: ST

# ပြင်သစ်၌ အသက် ၁၅ နှစ်အောက်များကို လူမှုမီဒီယာအသုံးပြုမှုတားမြစ်ရန်စီစဉ်



ပဲရစ်၊ ပြည်တွင်းရေး

ပြင်သစ်နိုင်ငံ၌ အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာအသုံးပြုမှုကို လုံးဝတားမြစ်ရန်နှင့် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြားရှိသူများကို ညအချိန်လူမှုမီဒီယာအသုံးပြုမှုတားမြစ်ရန် လွှတ်တော်အမတ်များကစီစဉ်နေကြောင်းသိရသည်။

ကလေးများ၏မိဘများ၊ လူမှုမီဒီယာများမှ တာဝန်ရှိသူများ၊ လူမှုမီဒီယာပေါ်တွင်ရေပန်းစားသူများထံမှ ထွက်ဆိုချက်များရရှိပြီးနောက် လွှတ်တော်အမတ်များက ယခုကဲ့သို့စီစဉ်လာခြင်းဖြစ်သည်။

ဩစတြေးလျနိုင်ငံက အသက် ၁၆ နှစ်အောက်ကလေးငယ်များ လူမှုမီဒီယာကို အသုံးပြုမှုတားမြစ်သည့်ဥပဒေထုတ်ပြန်ပြီးနောက် ပြင်သစ်သမ္မတက အလားတူ တားမြစ်မှုကို ပြင်သစ်နိုင်ငံတွင်လည်း လုပ်ဆောင်ရန်တိုက်တွန်းလာခြင်းဖြစ်သည်ဟုသိရသည်။

Ref: SCMP

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **ဇီဝဗေဒနှင့်ဓာတုဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** အထက(၅)၊ လားရှိုးမြို့။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။

(ဋ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဌ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဍ) **တောင်ငူမြို့** အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။

၃။ ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအားဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀






သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇



OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone,09 798157939(Office),09 773646431(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar



SIN MINN

အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ




BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ

ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS

SIN MINN




BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

❖ **“ ပညာ” သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် “အသိဉာဏ်”ကိုရရှိစေ...**

❖ **နိုင်ငံသားတိုင်း “အသိဉာဏ်ပညာ” ပြည့်စုံကြမှသာ နိုင်ငံအကျိုးသယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့် အင်အားစုကြီးတစ်ရပ်ကိုထူထောင်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင်ပြုလုပ်သော ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ (၂၀၂၅) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တပ်မတော်စစ်ကြောင်းများက KIA ၊ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက် ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**


KIA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် AA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်း၍ ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းရှိ နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အရေးပါသော ဗန်းမော်-တာဆိုင်း-မြို့သစ်-လိုင်ဇာလမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-တာဆိုင်း-လိုင်ဇာလမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-လွယ်ဂျယ်လမ်းကြောင်းများအား ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ မတ်လ ၇ ရက်မှစ၍ တရုတ်-မြန်မာ နှစ်နိုင်ငံကြားနယ်မြေထိစပ်လျက်ရှိသော ကချင်ပြည်နယ်၊ အရှေ့ဘက်ရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် ဒေါ့ဖုန်းယန်မြို့၊ မြို့သစ်မြို့၊ တာဆိုင်းရွာများအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယာယီထိန်းချုပ်ထားခဲ့သည်။

ယင်းနောက် မိုးမောက်မြို့ရှိ တစ်ခုတည်းသော နယ်မြေခံလုံခြုံရေးတပ်ရင်းအား ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် ကြံ့ကြံ့ခိုင်ခိုင်ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများအထိနာ၍ ဇွန်လ ၂၅ ရက်နေ့တွင် မိုးမောက်မြို့နှင့် အနီးဝန်းကျင်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် လူအင်အားထပ်မံဖြည့်တင်းခြင်း၊ မိုးမောက်မြို့တွင်းရှိ ပြည်သူလူထုနေအိမ်များအား ဖောက်ထွင်း၍ လိုအပ်သည့်ရိက္ခာ၊ ဆေးပစ္စည်းများအား

**စာမျက်နှာ ၂၂ ကော်လံ ၁ ■**

**တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက်ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိ**



**နိုင်ငံတကာသတင်း** စာ - ၂၈ သို့



ပင်လယ်ရေမြင့်တက်လာမှုကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ပူဂတ်ကျွန်းစု ရေအောက်နစ်မြုပ်ရတော့မည့် အခြေအနေနှင့်ရင်ဆိုင်နေရ

နီပေါနိုင်ငံ၌ ဆူပူဆန္ဒပြမှုများအတွင်း ထောင်ဖောက်မှုများဖြစ်ပွား၊ အကျဉ်းသား ၂၀၀ နီးပါးကိုပြန်လည်ဖမ်းဆီးရမိ

ပြင်သစ်၌ အသက် ၁၅ နှစ်အောက်များကို လူမှုမီဒီယာအသုံးပြုမှုတားမြစ်ရန်စီစဉ်

